# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

# လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့် ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေလုပ်ဆောင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်

နေပြည်တော် ဇူလိုင် ၂၅

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိစက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးMSMEလုပ်ငန်းများ


*စာမျက်နှာ ၃ ကော်လံ ၁* ❖




အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးစဉ်။




# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖*ရှေ့ဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSMEလုပ်ငန်းကော်မတီ အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ (၅)ကြိမ်ရှိခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ပါ MSME လုပ်ငန်းများ ပိုမိုစနစ်ကျပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ် အရည်အသွေး ပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန်လိုကြောင်း။



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/ ၂၀၂၅) တွင် အမှာစကားပြောကြားစဉ်။

## အကျိုးရှေးရှုလျက် ပူးပေါင်းပါဝင်

ထိုသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်က ပံ့ပိုးပေးရမည့် အပိုင်းတွင် နိုင်ငံတော်ကိုယ်စား မိမိတို့လုပ်ငန်းကော်မတီအပါအဝင် သက်ဆိုင်ရာ MSME လုပ်ငန်းအဖွဲ့ဝင်များက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြသည့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးပေးကူညီပြီး ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ လိုအပ်သည့် နည်းပညာ၊ လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် နည်းပညာများ အသိပညာပေးရေးနှင့် ပြန့်ပွားရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်ဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေး ဆောင်ရွက်ပေးရမည့်တာဝန်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် လူသားအရင်းအမြစ်များကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေသည့် နည်းပညာဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများမှ ရယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်သားများကို ကျွမ်းကျင်လုပ်သားများနှင့် နည်းပညာရလုပ်သားများ ဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ်တွင် လုပ်ငန်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိပြီး မိမိကိုယ်ကို ရေရှည်ရပ်တည်နိုင်ရန်အတွက် KG+9 အောင်မြင်ပြီးသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းအပိုင်းကို အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များက နှစ်ဦးနှစ်ဖက် ဟန်ချက်ညီညီဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကိစ္စနှင့် ပတ်သက်၍ နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များ အနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများရယူရန် လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးအရင်းအနှီးလိုအပ်ကြောင်း၊ ချေးငွေများ ထုတ်ချေးရန်အတွက် ချေးငွေစည်းမျဉ်း စည်းကမ်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများအရ ကန့်သတ်ချက်များရှိကြောင်း၊ အဆိုပါ ကန့်သတ်ချက်များအနက်မှ ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေး ပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များကို ထုတ်ချေးပေးရန်လမ်းညွှန်ထားကြောင်း၊ ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြားလိုကြောင်း၊ အာမခံလုပ်ငန်းတွင် မူလသတ်မှတ်ချက်အဖြစ် မြန်မာငွေကျပ် သန်း ၂၀ ခွင့်ပြုထားရာမှ ယခုအခါ ညှိနှိုင်းဆွေးနွေးမှုများအရ သန်း ၅၀ ချေးနိုင်ရန်အတွက် SOP ရေးဆွဲလျက်ရှိပြီး အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်စိတ်တစ်ပိုင်းမှပါဝင်ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက နိုင်ငံ့အကျိုးရှေးရှုလျက် ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း။

## တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်

လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့် ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို

*စာမျက်နှာ ၄ သို့*

❑ **မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်**

❑ **မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ် အရည်အသွေး ပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန်လို**

**◆ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက် တူညီသည့် အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့် ပမာဏကိန်းဂဏန်းကို ရရှိနိုင်မည်**

စာမျက်နှာ ၃ မှ

အသိပညာပေး၍ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး မိမိတို့လုပ်ငန်းကော်မတီနှင့် အေဂျင်စီများမှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပ ပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များကို မိမိတို့၏ စီးပွားရေးသံမှူးများမှ တစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာ ကုမ္ပဏီများနှင့် လုပ်ငန်းကိစ္စ ဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ Interact ဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာ အသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေ ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုတတ်ရန် လိုအပ်ပါကြောင်း။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်လုပ်သားများမွေးထုတ်**

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် စံချိန်စံညွှန်းမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကို သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ နည်းပညာများကို အသိပညာပေး သင်ကြားသူများအနေဖြင့်လည်း အလွယ်တကူ သိလွယ်၊ တတ်လွယ်သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေးမှုအပိုင်းများဖြင့် သင်ကြားဆွေးနွေးပေးရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အချက်မှာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း သင်တန်းများ ဖွင့်လှစ်၍ လုပ်ငန်းရှင်များနှင့် လုပ်သားများအား နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာ စွမ်းရည်များတိုးတက်လာစေရန် သင်တန်းအမျိုးအစား ၄၄၁ မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန Website များတွင် ဝင်ရောက်လေ့လာနိုင်ကြောင်း၊ သင်တန်းအကြိမ်အရေအတွက် စုစုပေါင်း ၇၂၇၃ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၅၀၈၁၉ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ သင်တန်းများအပြင် MSME ကဏ္ဍ၌ လိုအပ်သည့်စွမ်းရည်များ တိုးတက်လာစေရန် ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံအတွင်းရှိသည့် MSME လုပ်ငန်းများနှင့် မှတ်ပုံတင်လုပ်ငန်းများ အရေအတွက်ကို ကြည့်မည်ဆိုပါက လျော့နည်းနေသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတို့မှ MSME လုပ်ငန်းများ၊ MSME နှင့် ဆက်စပ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ သီးခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပျက်စီးမှုအမျိုးအစားတစ်ခုချင်းအလိုက် အသေးစိတ်စာရင်းပြုစု၍ နိုင်ငံတော် အကြီးအကဲထံ တင်ပြရာ ချက်ချင်းချေးငွေထုတ်ပေးရန် သဘောတူခဲ့ကြောင်း၊ ထိုသို့ ချေးငွေထုတ်ပေးရာတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် MSME ချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၅၀ ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေတို့မှ ငွေကျပ်ဘီလီယံ ၅၀၀ အပါအဝင် ဗဟိုဘဏ်မှ ၂၀၀ ဘီလီယံတို့ ပါဝင်သည့် မြေငလျင် ပြန်လည်ထူထောင်ရေးရန်ပုံငွေတို့ဖြစ်ပြီး SOP ရေးဆွဲလျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ပျက်စီးသွားခဲ့သည့် MSME လုပ်ငန်းများ၏ စိန်ခေါ်မှုမှာ ချေးငွေနှင့် ပတ်သက်၍ မူလချေးငွေများကို အချို့က အချိုးကျပြန်ဆပ်သည်များရှိပြီး အချို့က ပြန်မဆပ်နိုင်သည်များရှိသည့်အပြင် အချို့လုပ်ငန်းရှင်များက နေရာစုံမှ ငွေကြေးချေးငှားမှုများ ရှိနေမှုအပေါ် စိစစ်ရသည်များလည်း ရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီးပြန်လည်ထူထောင်ရေးကိစ္စတွင် အခက်အခဲများရှိပါက အေဂျင်စီများမှ တစ်ဆင့် လုပ်ငန်းကော်မတီသို့ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် မိမိလုပ်ငန်းနှင့် ဒေသမှထွက်သည့် ကုန်ကြမ်းကို အခြေခံပြီး တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်း သုံးစွဲမှုမှတစ်ဆင့် ပြည်ပသို့ အရည်အသွေးမြင့် ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ် ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" တို့ကို စီးပွားရေးဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ် ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေး မြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက် တူညီသည့် အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့် ပမာဏကိန်းဂဏန်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအချက်များအပေါ် မူတည်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီမံရာတွင် သက်ဆိုင်ရာ ပို့ကုန်အမယ်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့် ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာက ဈေးကွက်တွင် ယုံကြည်မှုရှိသည့် ဈေးကွက်နှင့် ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အာမခံချက်ဖြင့် ဈေးကွက်ရှာဖွေသည့် အဆင့်သို့ ရောက်ရှိအောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အေဂျင်စီများက MSME လုပ်ငန်းရှင်များကို ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး MSME လုပ်ငန်းဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းနှင့် လုပ်ငန်းရှင်များက ပြန်ပြီးတုံ့ပြန်ပေးရမည့်အပိုင်းများကို ကြန့်ကြာမှုမရှိဘဲ မူဘောင်အတွင်းမှ အဆင့်ဆင့်ချိတ်ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME ချေးငွေဆိုင်ရာကိစ္စရပ်များ၊ MSME လုပ်ငန်းတာဝန် (၁၄) ရပ်နှင့်စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME လုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း ပြည်ပ ဈေးကွက်သုတေသန လုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSME လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မူဘောင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့ တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**နိုင်ငံတစ်ဝန်း**
**စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး**
**ထိန်းသိမ်းစို့**

## သရက်မြို့၌ အငြိမ်းစားပင်စင်စားများအား UID( ခေါ် )Smart Card အခမဲ့ပြုလုပ်ပေး



သရက် ဇူလိုင် ၂၅

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့ပေါ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက UID (ခေါ်) Smard Card အား ယမန်နေ့က မြန်မာ့စီးပွားဘဏ်အနီး ရွှေဘုံသာဘုရားကြီးအတွင်း ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သရက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်း ဦးဆောင်၍ ဝန်ထမ်းများက အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူရာတွင် UID (ခေါ်)Smard Card အား အလွယ်တကူရရှိနိုင်ရေး ဇူလိုင် ၁၇ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ယနေ့အထိ လူဦးရေ ၁၁၆ ဦး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား

## ဒစ်ဂျစ်တယ်စီးပွားရေး(Digital Economy)သည် ယခုအခါတွင် ကမ္ဘာ့ GDP ၏ အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာနိုင်သည်ဟု World Economic Forum မှ ခန့်မှန်းထား

နေပြည်တော် ဇူလိုင် ၂၅

**ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။**



ဦးစွာ ကော်မတီနာယကက ဒစ်ဂျစ်တယ်စီးပွားရေး(Digital Economy)သည် ယခုအခါတွင် ကမ္ဘာ့ GDP ၏ အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာနိုင်သည်ဟု World Economic Forum မှ ခန့်မှန်းထားကြောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကို လျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့် အဓိကအချက်တစ်ခုဖြစ်သည်ဆိုသည့်အချက်မှာ မငြင်းသာကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ(Digital Economy Development Committee – DEDC) ကို ဖွဲ့စည်းထားပြီး DEDC ကော်မတီအနေဖြင့် "မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀" ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားကြရမည့် ကိစ္စရပ်များအတွက် မဟာဗျူဟာမျှော်မှန်းချက် ၁ ရပ်၊ မဟာဗျူဟာရည်မှန်းချက် ၁ ရပ်၊ အဓိကရည်ရွယ်ချက် ၆ ရပ်၊ ဦးစားပေးကဏ္ဍကြီး ၉ ခု၊ မဟာဗျူဟာ မဏ္ဍိုင် ၉ ခု၊ မဟာဗျူဟာပန်းတိုင် ၂၂ ခု၊ လုပ်ငန်းစဉ် ၇၇ ခုတို့ကို ၂၀၃၀ ပြည့်နှစ်အထိ ရည်မှန်း၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ် ၇၇ ခု အနက် DEDC ၏ သက်ဆိုင်ရာလုပ်ငန်းကော်မတီ (Working Committees) များအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကာလတို၊ ကာလလတ်၊ ကာလရှည် အချိန်ဇယားများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ DEDC အဖွဲ့ဝင်များအားလုံးအနေဖြင့် ကျရာကဏ္ဍစုံမှ တက်ညီလက်ညီဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းသည် မိမိကော်မတီ၏ လုပ်ငန်းပြီးမြောက်ခြင်းအကျိုးအတွက်သာမက အမိမြန်မာနိုင်ငံတော်အတွက် ဒစ်ဂျစ်တယ်စီးပွားရေးအနာဂတ်တစ်ခုကို ဖန်တီးနိုင်စေရန် အရေးပါဆုံးသော အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းစွာတင်ပြပေးကြရန်နှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိစိတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး အနာဂတ်ကို ပိုမိုကောင်းမွန်အောင် ပုံဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက Living Document အဖြစ် အတည်ပြုထုတ်ပြန်ထားပြီးဖြစ်သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ကာလများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးစေလိုသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၅ ခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ DEDC ကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အသက်(၁၀၉)နှစ်ရှိ အဘွားအား အလှူပစ္စည်းများပေးအပ်



**ပန်းတနော် ဇူလိုင် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်နေ အသက်(၁၀၉)နှစ် အဘွားဒေါ်စောကြည် နေအိမ်သို့သွားရောက်၍ အလှူပစ္စည်းများ ပေးအပ်သည်။**(ယာပုံ)**

ထို့နောက် ပန်းတနော်မြို့နယ်ရှိ ဦးသန့်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ပန်းတနော်) ရွှေနော်သီရိခန်းမ၌ Myanmar Electronic Voting Machine (MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်း အမှတ်စဉ် (၆/၂၀၂၅) ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကင်း ဇူလိုင် ၂၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ် လူမှုရေးရာဘာသာရပ်များဌာန ပါမောက္ခ ဒေါ်တင်တင်ဝင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်မှကျောင်းသားကျောင်းသူလေးများက လူငယ်နှင့် စာပေ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။

**လှလှထွေး(ပြန်/ဆက်)**

# ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC

**မိုးကေနိုင်**

> ❝ CMEC ကို အမှန်တကယ်သာ အကောင်အထည်ဖော်နိုင်လျှင် မြန်မာနိုင်ငံအတွက် များစွာသော အခွင့်အလမ်းနှင့် အားသာချက်များရရှိလာမည်ဟု ယုံကြည်ပါသည်။ စီးပွားရေးတိုးတက်လာမည်၊ ကုန်သွယ်ရေးအားကောင်းလာမည်၊ ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်မိပြီး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာမည်၊ စွမ်းအင်ဖူလုံမှုနှင့်အတူ ပြည်သူတို့၏ လူနေမှုဘဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့်ကော ဌာနေတိုင်းရင်းသား လူမျိုးစုများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှု ကွာဟချက်များ ကျဉ်းမြောင်းသွားမည်ဖြစ်သည်။ မယုံကြည်မှု သံသယများ ပျောက်ကွယ်ပြီး အပြန်အလှန်ယုံကြည်မှုများ တိုးပွားလာမှာသေချာသည်။ ထိုမှတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်မှုဆီ၊ ကြွယ်ဝချမ်းသာမှုနှင့် တည်ငြိမ်အေးချမ်းမှုသို့ ရောက်ရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးနှင့် နိုင်ငံရေးဆက်နွယ်မှု နိုင်ငံရေးဘောဂဗေဒသဘောတရားအရ စီးပွားရေး တိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံရေးတည်ငြိမ်မှုလည်းရရှိလာမည်ဟူသော အပြုသဘောခံယူချက်မျိုးဖြစ်ပါသည် ❞

နိုင်ငံတကာဆက်ဆံရေးတွင် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားဖြစ်ထွန်းရန် ရည်မှန်းချက်နှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် ဆက်ဆံရေးကောင်းများ တည်ဆောက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးသော အခြေခံမှုတစ်ခုဖြစ်သည်။ ထိုအချက်များ ပြည့်စုံနေသမျှ သံသယများ ပျောက်ကွယ်ကာ ယုံကြည်မှုတိုးလာမည်၊ ငြိမ်းချမ်းသာယာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည်၊ ဒေသတွင်းတည်ငြိမ်မှုကို အထောက်အကူပြုနေမည်သာဖြစ်သည်။

သို့ဖြစ်၍ အစိုးရများအကြား၊ အဖွဲ့အစည်းများအကြား၊ ပြည်သူများအကြားတွင် အေးအတူ၊ ပူအမျှစိတ်ဓာတ်၊ တည်တံ့ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေရမည်ဖြစ်သည်။ အထက်ပါအချက်များအပေါ် အခြေခံ၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအပြည့်ဖြင့် ခိုင်ခိုင်မာမာတည်ဆောက်လာခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က ၇၅ နှစ်စိန်ရတုတိုင်ခဲ့ပြီးဖြစ်ပါသည်။

**အားသာချက်များနှင့်အတူ ဗဟုဝင်ရိုးဆီ**

ယနေ့ကမ္ဘာ့နိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး သဘောတရားများဖြင့် ရစ်ပတ်ချည်နှောင်လာကြသည်။ မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြား ပထဝီအနေအထားအရလည်းကောင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဆုံချက်တွင် မဟာဗျူဟာအချက်အချာကျကျတည်ရှိနေမှုကြောင့်လည်းကောင်း ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ချိတ်ဆက်ရာတွင် နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိစေပါသည်။

အားနည်းသော၊ မတည်ငြိမ်သော အခြေအနေမျိုးတွင် ပို၍အားကောင်းလာစေပြီး တည်ငြိမ်မှုကို ရရှိစေသည်။ မြန်မာနိုင်ငံတွင် ရေချိုမြစ်ချောင်းပေါများသည်၊ သဘာဝတောတောင်အနေအထား၊ လူသားအရင်းအမြစ်နှင့် သယံဇာတကြွယ်ဝသည်၊ စိုက်ပျိုးမွေးမြူရေး ရေခံမြေခံကောင်းကာ ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးဇုန်များ ထူထောင်နိုင်မည့် အလားအလာများကြောင့် ခိုင်မာသည့်ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် အားသာချက်များလည်း ရှိနေသည်။

ယခုအခါ ကမ္ဘာကြီးသည် Unipolar (ဧကဝင်ရိုး) မှသည် Multipolar (ဗဟုဝင်ရိုး)ဆီ ရွေ့လျားနေပြီဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုပုံစံများ ပြောင်းလဲလာ၍ ဖြစ်သည်။ Globalization (ကမ္ဘာအနှံ့ဖြန့်ကြက်မှု) မှ Regionalization (ဒေသဆိုင်ရာဖြန့်ကြက်မှု)ဆီ ဦးတည်သွားနေပြီး ဒေသအဆင့်စုစည်းမှုကို ပုံဖော်လာကြသည်။ စုစည်းမှု တစ်ခုနှင့်တစ်ခုအကြား တစ်ဖက်စောင်းနင်း မဖြစ်အောင်၊ ပါဝါဟန်ချက်ညီအောင် ထိန်းညှိကြရင်းဖြင့် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကို ပုံဖော်နိုင်အောင် ကြိုးစားနေကြသည်။

ဤသို့ကြိုးစားမှုတွင် မိမိတို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ ပြောင်းလဲလာသည့် ဗဟုဝင်ရိုး အစီအစဉ်တွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအရ လက်တွေ့ကျသော ပကတိအခြေအနေများနှင့်အညီ လိုက်ပါစီးမျောရမြဲဖြစ်ပါသည်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ မိတ်ဖက်အများအပြားတည်ဆောက်၍ စားရေရိက္ခာဖူလုံမှု၊ စီးပွားရေး၊ လုံခြုံရေး၊ နည်းပညာ၊ စွမ်းအင်ကဏ္ဍများတွင် ဘက်စုံပူးပေါင်းခြင်းဖြင့် လိုက်လျောညီထွေ ရပ်တည်လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင်ဖြစ်သည်။ ဈေးကွက်တစ်ခုတည်းမက ဈေးကွက်ပေါင်းများစွာဖြင့် နိုင်ငံစုံ ကုန်သွယ်ဆက်ဆံရေးမှ ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းမှုအထိ ဖြန့်ကြက်နိုင်ရန် လိုအပ်သည်။ သို့မှသာ ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက် အားကောင်းလာမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ရာလည်း ရောက်မည်ဖြစ်ပါသည်။

**တရုတ်နိုင်ငံအတွက်**

**မဟာဗျူဟာမြောက် အကျိုးစီးပွား**

ဘက်စုံဖွံ့ဖြိုးမှုပုံရိပ်ကောင်းများဖြင့် အင်အားကြီးမားလာသည့် တရုတ်နိုင်ငံသည် နိုင်ငံတကာပိတ်ဆို့မှုဒဏ်ခံရသည့် မြန်မာနိုင်ငံကို နိုင်ငံရေးအရ၊ စီးပွားရေးအရ မတွေဝေ၊ မယိမ်းယိုင်၊ ထောက်ခံမှုအမြဲပေးသည့် နိုင်ငံဖြစ်သည်။ တစ်နိုင်ငံတည်း ရပ်တည်၍ မရ၊ ဖိအားဒဏ်ကြံ့ကြံ့ခံနိုင်ရန်နှင့် တိုးတက်မှုအတွက် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို တိုးချဲ့နေရမည်သာဖြစ်သည်။ ကီလိုမီတာ ၂၀၀၀ ကျော် နယ်စပ်ချင်းထိဆက်နေသည့် မြန်မာနှင့် တရုတ်နှစ်နိုင်ငံသည် ပထဝီဝင်အနေအထားအရ မဟာဗျူဟာမိတ်ဖက်များအဖြစ် ရှိနေရမည်သာ။

ကုန်းတွင်းပိတ် တရုတ်နိုင်ငံ တောင်ပိုင်းပြည်နယ်များ၏ စွမ်းအင်လုံခြုံရေးနှင့် နိုင်ငံတကာဈေးကွက် အာမခံချက်တစ်ခုဖြစ်သည်ဆိုလျှင်လည်း မမှားပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ OBOR ခါးပတ်တစ်ကွင်းလမ်း တစ်စင်းကို တင်စားထားသည့် **Belt Road Initiative BRI ( ရပ်ဝန်းတစ်ခုလမ်းကြောင်း)** တွင် ရပ်တည်လာခြင်းဖြင့် ကမ္ဘာ့အစီအစဉ်သစ်ကြီးထဲ ပါဝင်လျက်ရှိနေပါပြီ။

တရုတ်နိုင်ငံသို့ တင်သွင်းသည့် လောင်စာဆီ ၈၀ ရာခိုင်နှုန်းခန့် ဖြတ်သန်းရာ အိန္ဒိယသမုဒ္ဒရာသို့ စီးဝင်နေသည့် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားမှုက ကမ္ဘာ့ကုန်သွယ်မှု ချက်မတစ်ခုအဖြစ် ဆွဲဆောင်နေသည်ကို မဟာဗျူဟာကျကျ မြင်ရပါမည်။ ထိုကမ်းရိုးတန်းတွင် တည်ရှိသည့် မဟာဗျူဟာမြောက် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် **China– Myanmar Economic Corridor (CMEC)** အစီအစဉ်တွင် ပါဝင်နေပြီး တရုတ်နိုင်ငံ ကုန်သွယ်မှုလမ်းကြောင်း၊ သယ်ယူပို့ဆောင်ထုတ်လုပ်ဖြန့်ဖြူးရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် တရုတ်နိုင်ငံအတွက် ကုန်ကျသလောက် အကျိုးရှိထိရောက်မည့် Cost effective–ness အကျိုးကျေးဇူးကို ရရှိမည့်အပြင် ကာလအတန်ကြာ မှီခိုနေရသည့် မာလက္ကာရေလက်ကြား ဖြတ်သန်းရမှုကို လျှော့ချနိုင်မည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

**စီးပွားရေးစင်္ကြံဟူသည်နှင့်**

**မြန်မာနိုင်ငံ အကျိုးစီးပွား**

မြန်မာနိုင်ငံအနေဖြင့် ခိုင်မာသည့်စီးပွားရေး အခြေခံအုတ်မြစ်ပေါ်တွင် ရပ်တည်နိုင်ရန် အစိုးရအဆက်ဆက်က ဖွံ့ဖြိုးရေးစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိခဲ့ပါသည်။ စီမံကိန်းများစွာအနက် **China – Myanmar Economic Corridor (CMEC)** တရုတ် – မြန်မာစီးပွားရေးစင်္ကြံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စီးပွားရေးစင်္ကြံဟူသော အသုံးအနှုန်းသည် ကျယ်ပြောသောဧရိယာအတွင်းရှိ အရင်းအမြစ်မညီမျှသော နိုင်ငံများကိုဖြတ်၍ အခြေခံအဆောက်အဦများဖြစ်သော ကားလမ်း၊ ရထားလမ်း၊ ရေကြောင်း လမ်းများနှင့် စက်မှုနည်းပညာဇုန်များကို တိုးချဲ့တည်ဆောက်ကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်မှု ဝန်ဆောင်မှုကွင်းဆက်များကို နိုင်ငံအဖွဲ့အစည်းများ၏ မူဝါဒများ၊ စီမံကိန်းများ၊ သဘောတူညီချက်များစွာဖြင့် ကွန်ရက်သဖွယ် ချိတ်ဆက်ထားမှုကြီးပင်ဖြစ်သည်။

မြန်မာနိုင်ငံက မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ်ပါဝင်နေသော CMEC စီမံကိန်း ၃၆ ခုတွင် အရေးကြီးသော ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်မှု၊ ဘဏ္ဍာငွေကြေး၊ လူ့စွမ်းအားဖွံ့ဖြိုးမှု၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ လျှပ်စစ်၊ စိုက်ပျိုးမွေးမြူရေး၊ သုတေသနနှင့် နည်းပညာနယ်ပယ်များ လွှမ်းခြုံပါဝင်သော စီမံကိန်း ၆ ခုကို အရှိန်အဟုန်မြှင့်တင်ရန် တရုတ်–မြန်မာနှစ်နိုင်ငံအကြား သဘောတူညီချက်များ ရရှိထားပါသည်။ အချို့သော စီမံကိန်းများသည် ဆောင်ရွက်ဆဲနှင့် စတင်ဆောင်ရွက်သည့် အနေအထားတွင် ရောက်ရှိနေပါပြီ။ ထို့အတွက် Asian Infrastructure Investment Bank (AIIB) ကဲ့သို့ တရုတ်နိုင်ငံပိုင်ဘဏ်များနှင့် တရုတ်နိုင်ငံအစိုးရက ငွေကြေးထောက်ကူမှုများကို ၂၀၁၄ ခုနှစ်ကတည်းက ပေးနေပြီဖြစ်ပါသည်။

CMEC ကို အမှန်တကယ်သာ အကောင်အထည်ဖော်နိုင်လျှင် မြန်မာနိုင်ငံအတွက် များစွာသော အခွင့်အလမ်းနှင့် အားသာချက်များ ရရှိလာမည်ဟု ယုံကြည်ပါသည်။ စီးပွားရေးတိုးတက်လာမည်၊ ကုန်သွယ်ရေးအားကောင်းလာမည်၊ ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်မိပြီး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာမည်၊ စွမ်းအင်ဖူလုံမှုနှင့်အတူ ပြည်သူတို့၏ လူနေမှုဘဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့်ကော ဌာနေတိုင်းရင်းသား လူမျိုးစုများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှု ကွာဟချက်များ ကျဉ်းမြောင်းသွားမည်ဖြစ်သည်။ မယုံကြည်မှု သံသယများ ပျောက်ကွယ်ပြီး အပြန်အလှန်ယုံကြည်မှုများ တိုးပွားလာမှာသေချာသည်။ ထိုမှတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်မှုဆီ၊ ကြွယ်ဝချမ်းသာမှုနှင့် တည်ငြိမ်အေးချမ်းမှုသို့ ရောက်ရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးနှင့် နိုင်ငံရေးဆက်နွယ်မှု နိုင်ငံရေးဘောဂဗေဒသဘောတရားအရ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံရေးတည်ငြိမ်မှုလည်းရရှိလာမည်ဟူသော အပြုသဘောခံယူချက်မျိုးဖြစ်ပါသည်။

**ဆန့်ကျင်ဘက်အမြင်များကား ရှိနေမည်သာ**

အချို့ပြိုင်ဘက် အင်အားကြီးနိုင်ငံများအနေဖြင့်မူ တရုတ် BRI ကို အပြုသဘော မမြင်နိုင်ဘဲ အနုတ်ဘက်ဇောင်းပေး၍ တိုက်ခိုက်ကြသည်။ မဟာပါဝါအရွေ့တစ်ခု၏ လားရာကို ဆန့်ကျင်ဟန့်တားလိုကြသည်။ ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် ထွက်ပေါ်ခဲ့သည့် နိုင်ငံတကာစာတမ်းအချို့မှာ BRI, CMEC တို့နှင့်ပတ်သက်၍ ဆန့်ကျင်ဘက်အမြင်များကိုသာ ရေးသားဖော်ပြလေ့ရှိသည်ကို တွေ့ရသည်။ မြန်မာပြည်သူများအတွက် တရုတ်နိုင်ငံက ကူညီခဲ့သည့် ကိုဗစ်၊ ငလျင်စသည့်ကပ်ဘေးများတွင် လူသားချင်းစာနာမှု အကူအညီများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ဖွံ့ဖြိုးမှုအကူအညီများကိုလည်း အကောင်းမမြင်၊ CMEC ကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင်လည်း မြန်မာနိုင်ငံအပေါ် လွှမ်းမိုးလိုမှု၊ ဒေသတွင်းသြဇာထူထောင်မှုတစ်ခုအဖြစ် အဆိုးမြင်ကြသည်။

ထို့အပြင် လက်ရှိပြည်တွင်းရေးပဋိပက္ခများကြောင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ နောက်ဆုတ်သွားလေမလားဟု နှပ်ကြောင်းပေးကြသည်။ ကြွေးမြီထောင်ချောက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထောက်ပြကြသည်။ သို့သော် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဦးတည်သည့် ကမ္ဘာတစ်ဝန်း ကမ္ဘာပတ်လမ်း ယုံကြည်ချက်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက လွယ်လွယ်နှင့် အလျှော့မပေးတတ်ပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့် BRI ဆက်စပ်နေမှုများကို သူတို့မေ့နေပုံရသည်။ ရေရှည်မဟာဗျူဟာအကျိုးစီးပွား၊ တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်များအပါအဝင် ဒေသတွင်းလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို သာမန်စီးပွားရေးအမြင်ထက် ကျော်လွန်ကြည့်နိုင်ရန်လိုပါသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုနယ်မြေအတွင်း မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုး စိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်၌ ကျင်းပသည်။**

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုး စိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ငါးသားပေါက်များကို ရန်အောင်မြင်ဆည်အတွင်း စတင်စိုက်ထည့်ပေးပြီး ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ မြက်စား ငါးကြင်းနှင့် ငါးခုံးမ ငါးသား ပေါက်အကောင်ရေ ၂၀၀၀၀ ကို ရန်အောင်မြင်ဆည်အတွင်း စိုက်ထည့်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထဲရေး ဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုသစ်တောကြိုးဝိုင်း အကွက်အမှတ် (၆၁) ပေါ်ရှိ မြေရိုးယာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များစိုက်ပျိုးကြကာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထဲရေး ဝန်ကြီးဌာန အနေဖြင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းမြေနေရာ၌ ကျင်းပခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ စိန်ပန်းပြာ၊ ချယ်ရီ၊ ကျွဲကော၊ ပိန္နဲ စုစုပေါင်း ၁၀၆၅ ပင် စိုက်ပျိုးခဲ့ကာ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကုက္ကို၊ တမာ၊ ယမနေ၊ ငုစပ်၊ မန်ကျည်းရှား စုစုပေါင်း ၁၀၂၄ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ရုံး/ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များအား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုလုံး အနေဖြင့် ဒုတိယအကြိမ် စိုက်ပျိုးပွဲတွင် သစ်ပင် စုစုပေါင်း ၇၇၆၈၉ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား ကြည့်ရှုစစ်ဆေး

## အားကစားသမားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ဆောင်ရွက်သွားပါက အောင်မြင်မှုများရရှိနိုင်မည်



**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့အင်းလျားလမ်းရှိ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ရောက်ရှိပြီး လှေလှော် အားကစားနည်း (၃)နည်း၏ လေ့ကျင့်မှု ရရှိစံချိန်နှင့် ယှဉ်ပြိုင်ခဲ့သည့် ဆီးဂိမ်းစံချိန် နှိုင်းယှဉ်စံချိန်ဇယားကို လည်းကောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ စနစ်တကျ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိရေးအတွက် စခန်းဝင် လေ့ကျင့်နေသော အနောက်တိုင်းလှေ၊ ရိုးရာလှေ၊ ကနူး/ကယက်လှေ အားကစားနည်းမှ ပဏာမ လက်ရွေးစင်လှေလှော်အားကစားသမားများ စံချိန်ယူ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ အဖွဲ့ချုပ်အတွင်းရေးမှူးနှင့် နည်းပြများကိုတွေ့ဆုံ၍ နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့ပေးသည့် မြန်မာလှေလှော် အားကစားအဖွဲ့အား များစွာဂုဏ်ယူပါကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့် အားကစားသမားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ဆောင်ရွက်သွားပါက အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားရိပ်သာတွင် ပဏာမလက်ရွေးစင် လှေလှော် အားကစားသမားများ နေ့လယ်စာ စားသုံးနေမှုနှင့် လှေရုံရှိ လှေများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှုပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ကြားရေးအပိုင်း၊ လေ့လာဆည်းပူးမှုအပိုင်း၊ Grade – 12 အောင်မြင်မှုအခြေအနေ၊ သင်ထောက်ကူပြုပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ သွားလာနေထိုင်ရေးကိစ္စရပ်များ၊ အခြားလိုအပ်ချက်များ၊ လူငယ်ပိုင်းဆိုင်ရာ နိုင်ငံခြားလေ့လာရေးခရီးစဉ်များသို့ သွားရောက်လေ့လာနိုင်ရေး ကိစ္စရပ်များကို မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဏာမလက်ရွေးစင်အားကစားသမားများအတွက် ပြောင်းရွှေ့ဖွင့်လှစ်ကုသပေးနေသည့် အားကစားဆေးဘက်ဌာနခွဲ ဆေးခန်းသို့ရောက်ရှိ၍ အားကစားဆေးပညာအရ ဆောင်ရွက်ပေးနေမှုများ၊ အရေးပေါ်ကုသမှုဆိုင်ရာများ၊ အရိုးအကြောကုသမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံပန်ကြပ်ဆီလပ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသော ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဗိုလ်လုပွဲစဉ် ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ကရင်ပြည်နယ်အသင်းက ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို ငွေသားဆုနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဟူသည် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်ဖြစ်၍ ရလာမည့် အကျိုးနှင့်အပြစ်ကို ပညာဉာဏ်အမြော်အမြင်ရှိစွာဖြင့် ချိန်ဆနေရမည်သာဖြစ်သည်။ အကျိုးအမြတ်၊ စိန်ခေါ်မှု၊ မူဝါဒပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိလာနိုင်မည့် တရုတ်နိုင်ငံနှင့် စီးပွားရေးအရ နက်နက်ရှိုင်းရှိုင်းချိတ်ဆက်မှုအပေါ် သံသယများ ဝေဖန်ဆန်းစစ်မှုများကား ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် ယခု CMEC မှ ဖော်ပြပါ ဆန့်ကျင်ဘက်အမြင်များကို ဘယ်လိုချေဖျက်ပြီး အကျိုးကျေးဇူးနှင့် အကောင်းဘက်သက်ရောက်မှုများကို ဘယ်လိုသယ်ဆောင်လာမည်လဲ အမှန်တကယ်ရလဒ်များဖြင့်သာ သက်သေပြကြရတော့မည်ဖြစ်ပါသည်။

**ထိတွေ့ဆက်ဆံမှုများရှိပြီးဖြစ်**

နိုင်ငံ ၁၅၀ ကျော်တွင် ရင်းနှီးမြှုပ်နှံမည့် ၂၀၁၃ ခုနှစ်မှ စတင်ခဲ့သည့် Belt and Road Initiatives (BRI) နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံကိန်းကြီးတွင် မြန်မာနိုင်ငံပါဝင်မှုသည် ၂၀၁၄ ခုနှစ် ကတည်းကပင် စတင်ခဲ့သည်ဟု ဆိုရပါမည်။ တရုတ်နိုင်ငံမှ ဥရောပအထိ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ရုရှားနိုင်ငံတို့ကိုဖြတ်သန်း၍ ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံလွှမ်းခြုံနေသည့် BRI Concept ကို မြန်မာနိုင်ငံခေါင်းဆောင်များက ကောင်းစွာနားလည်သဘောပေါက်ပါသည်။ ထို့ကြောင့်လည်း စီမံကိန်းကြီး ခိုင်မာအားကောင်းရေးတွင် မိတ်ဖက်ကောင်းတစ်ဦးအဖြစ် ပါဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်တွေ့ဆုံမှုများ လည်ပတ်မှုများမှ ၂၀၁၇ ခုနှစ်တွင် BRI ဆိုင်ရာ MoU ၊၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် CMEC ဆိုင်ရာ MoU သဘောတူညီချက်များရရှိခဲ့ကြသည်အထိ တိုးတက်မှုများရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်းမှာ မြန်မာပြည်သူတို့ ပါဝင်ခွင့်အခွင့်အလမ်းများ စတင်ဖြစ်ထွန်းခဲ့ပြီဟု ဆိုရပါမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး

## အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်

ပြင်ဦးလွင် ဇူလိုင် ၂၅

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။** (အောက်ပုံ)



အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်မြို့ အထက (၁)မှ ကျောင်းသူလေးများက **“မင်္ဂလာပါ”** သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် **“ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်”** နှင့် **“ အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ”** Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် ပြင်ဦးလွင်မြို့နယ်အနေဖြင့် မူလအနေအထားအတိုင်း ရရှိနေပြီးဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့် ပုံစံဖြင့် စာနာဖေးမမှုများနှင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံနေမှုများအပေါ်တွင်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့်ဒီမိုကရေစီစနစ် ထွန်းကားလာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအား MRTV DTH ၁၀ စုံနှင့် MRTV DVB T2 Set Top Box အစုံ ၂၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ပြင်ဦးလွင်မြို့ရှိ “လင်းလက်ကြယ်စင်ဟိန်း” ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပန်းကမ္ဘာမျှော်စင်” တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအရ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူ လည်ပတ်လျက်ရှိသည့် “ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း” (BE Falls Nature Amusement Park) သို့ (ဝဲပုံ) သွားရောက်ကြပြီး အပန်းဖြေစခန်းမှ တာဝန်ရှိသူများနှင့် လာရောက်အပန်းဖြေ လည်ပတ်နေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အပန်းဖြေစခန်းတွင် Sky Cable Car, 5D LED မှန်တံတား၊ ဆင်ကလေးများ၏ ဖျော်ဖြေမှုအစီအစဉ်၊ ရာသီပေါ်ပန်းအလှစိုက်ခင်း၊ Photo booth များ၊ ခေတ်လွန်ယာဉ်များ၊ တောတွင်းလျှောက်လမ်းနှင့် ကြိုးတံတား၊ Jumping Cloud၊ ခေတ်မီကစားကွင်း၊ ချားရဟတ်၊ Unplugged တီးဝိုင်း၊ ဘာဂီ၊ အလှမြင်းရထားလုံးများ၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ ဒေသထွက်ဖျော်ရည်နှင့် အစားအစာများ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြင့် ဝန်ဆောင်မှုပေးထားသည့်အပြင် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကစားနည်းများဖြစ်သည့် Family Coaster၊ Bumper Car၊ Tea Cup နှင့် Merry Go Round တို့ကို ယခုနှစ် ဧပြီလတွင် ထပ်မံတိုးချဲ့ထည့်သွင်းဆောင်ရွက်ထားပြီး ဒိုင်နိုဆောများ၊ သဘာဝရုပ်ကြွင်းပြကွက်တို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူအပန်းပြေစေရေးအတွက် အသေးစိတ် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာအများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကမ္ဘာ့ဒီရေတောများ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO က ၂၀၁၅ ခုနှစ်မှစ၍ ဇူလိုင် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်များ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒီရေတောများသည် ကုန်းမြေနှင့် ပင်လယ်အကြား ဆက်စပ်ပေးလျက်ရှိသည့် သစ်တောဂေဟစနစ်များဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံတွင် ဒီရေတောများပေါက်ရောက်လျက်ရှိရာ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး ဒီရေတောဧရိယာ ဧက ၁ ဒသမ ၂၆ သန်းရှိကြောင်း။

မြန်မာနိုင်ငံ၏ ဒီရေတောဂေဟစနစ်တွင် မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသရှိ ဒီရေတောများဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး နိုင်ငံ့စားရေရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာထောက်ပံ့ပေးလျက် ရှိကြောင်း၊ နိုင်ငံအတွင်းတည်ရှိသော ဒီရေတောများ ရေရှည်တည်တံ့စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဏ္ဏဝါအမျိုးသား ဥယျာဉ်များနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့တည်ထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများသတ်မှတ်ဖွဲ့စည်းခြင်း၊ ဒီရေတော စိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့်လည်း ဒီရေတောများ၏ အရေးပါပုံကို သိရှိနားလည်ပြီး သဘာဝဒီရေတောများနှင့် ဒီရေတောဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် အတူပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Keynote Presen-tation ကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၄၉။ | MMS IEC 60335-2-79:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၇၉) - လုပ်ငန်းသုံးဖိအားမြင့်သန့်ရှင်းရေးကိရိယာနှင့် ရေနွေးငွေ့သုံးသန့်ရှင်းရေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၅၀။ | MMS IEC 60335-2-80:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၈၀) - ပန်ကာများအတွက် သီးခြားလိုအပ်ချက်များ |
| ၅၁။ | MMS IEC 60335-2-98:2023 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၉၈)- စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၅၂။ | MMS IEC 60335-2-101:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ -အန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂ -၁၀၁) - မွှေးရနံ့ထုတ်စက်အတွက် သီးခြားလိုအပ်ချက်များ |
| ၅၃။ | MMS IEC 60350-1: 2023 - အိမ်သုံးလျှပ်စစ်သုံး ချက်ပြုတ်ပစ္စည်းများ အမျိုးမျိုး -အပိုင်း (၁)- မီးဖို၊ ရေနွေးငွေ့မီးဖို၊ အကင်စက်-စွမ်းဆောင်မှု တိုင်းတာရန်အတွက် နည်းလမ်းများ |
| ၅၄။ | MMS IEC 60350-2:2017+AMD1:2021 အိမ်သုံးလျှပ်စစ်ချက်ပြုတ်ပစ္စည်းများ - အပိုင်း (၂) - မီးဖိုအပူပြား - စွမ်းဆောင်မှုတိုင်းတာရန်အတွက် နည်းလမ်းများ |
| ၅၅။ | MMS IEC 60400:2017+AMD1:2020+AMD2:2022 မီးချောင်းများနှင့် စတာတာတို့အတွက် အထိုင်ပစ္စည်းများ |
| ၅၆။ | MMS IEC 60598-1:2024 အလင်းပေးပစ္စည်းများ - အပိုင်း (၁)- အထွေထွေ လိုအပ်ချက်နှင့် စမ်းသပ်ခြင်း |
| ၅၇။ | MMS IEC 60598-2-1:2020 အလင်းပေးပစ္စည်းများ - အပိုင်း(၂-၁) - သီးခြားလိုအပ်ချက်များ - အထိုင်ချတပ်ဆင်သည့် အထွေထွေသုံး အလင်းပေးပစ္စည်းများ |
| ၅၈။ | MMS IEC 60598-2-2:2023 အလင်းပေးပစ္စည်းများ - အပိုင်း(၂-၂) - သီးခြားလိုအပ်ချက်များ - အံခွက်အတွင်း တပ်ဆင်ထားသော အလင်းပေးပစ္စည်းများနှင့် အံခွက်အတွင်းလေဝင်လေထွက်စနစ်ပါရှိသော အလင်းပေးပစ္စည်းများ |
| ၅၉။ | MMS IEC 60598-2-20:2022 အလင်းပေးပစ္စည်းများ - အပိုင်း (၂-၂၀) - သီးခြားလိုအပ်ချက်-မီးတွဲများ |
| ၆၀။ | MMS IEC 60669-1:2017+COR1:2020 အိမ်သုံးနှင့် အလားတူ ပုံသေလျှပ်စစ်သွယ်တန်းခြင်းအတွက် ခလုတ်များအပိုင်း (၁) - အထွေထွေလိုအပ်ချက်များ |
| ၆၁။ | MMS IEC 60669-2-1:2021+COR1:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ် တပ်ဆင်ခြင်းများဆိုင်ရာ ခလုတ်များ- အပိုင်း (၂ - ၁) - သီးခြား လိုအပ်ချက်များ - အီလက်ထရောနစ်ထိန်းချုပ်ကိရိယာများ |
| ၆၂။ | MMS IEC 60669-2-2:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချ လျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ်များ- အပိုင်း (၂ -၂) - သီးခြားလိုအပ်ချက်များ - အဝေးထိန်းခလုတ်များ |
| ၆၃။ | MMS IEC 60669-2-3:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ်များ - အပိုင်း (၂-၃)- သီးခြားလိုအပ်ချက်များ - အချိန်ဆိုင်းခလုတ်များ |
| ၆၄။ | MMS IEC 60811-201:2012+AMD1:2017+ AMD2: 2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ - သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ - အပိုင်း(၂၀၁)-အထွေထွေစမ်းသပ်မှုများ-လျှပ်ကာအထူတိုင်းတာခြင်း |
| ၆၅။ | MMS IEC 60811-202:2012 + AMD1:2017+ AMD2: 2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ- သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ- အပိုင်း(၂၀၂)-အထွေထွေစမ်းသပ်မှုများ -သတ္တုမဟုတ်သောကေဘယ်လ် အကာ၏အထူကိုတိုင်းတာခြင်း |
| ၆၆။ | MMS IEC 60811-501:2012+AMD1:2018+AMD2:2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ- သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ - အပိုင်း(၅၀၁) - စက်မှုပိုင်းဆိုင်ရာစမ်းသပ်မှုများ - လျှပ်ကာနှင့်ကေဘယ်လ်အကာ<br>ဒြပ်ပေါင်းများ၏ စက်မှုပိုင်းဆိုင်ရာဂုဏ်သတ္တိများကို စိစစ်သတ်မှတ်မှု စမ်းသပ်ခြင်းများ |
| ၆၇။ | MMS IEC 60884-1:2022+COR1:2023 အိမ်သုံးနှင့် အလားတူသုံးစွဲမှုများအတွက် ဆော့ကက်နှင့် ပလပ်များ အပိုင်း (၁)- အထွေထွေလိုအပ်ချက်များ |
| ၆၈။ | MMS IEC 60898-1:2015+AMD1:2019 လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ-အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန် ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ - အပိုင်း (၁) - အေစီပတ်လမ်းဖြတ် ကိရိယာများ |
| ၆၉။ | MMS IEC 60898-2:2016 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများတပ်ဆင်ရာတွင် လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ - အပိုင်း (၂) - အေစီလျှပ်စီးနှင့် ဒီစီလျှပ်စီးနှစ်မျိုးလုံးအတွက် ပတ်လမ်းဖြတ်ကိရိယာများ |
| ၇၀။ | MMS IEC 60929: 2011+AMD1:2015 မီးချောင်းများအတွက် အေစီနှင့်/ သို့မဟုတ် ဒီစီသုံး အီလက်ထရောနစ် ကွန်ထရိုးဂီယာ - စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၇၁။ | MMS IEC 60947-2:2024 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ- အပိုင်း (၂)- ဓာတ်အားလိုင်းဖြတ် ခလုတ်များ |
| ၇၂။ | MMS IEC 60947-3:2020+COR1:2021 ဗို့အားနိမ့်ခလုတ် ဂီယာနှင့် ထိန်းချုပ်ဂီယာ - အပိုင်း(၃)- ခလုတ်များ၊ လိုင်းဖြတ်ကိရိယာများ၊ လိုင်းဖြတ်ခလုတ်နှင့် ဖျူးစ်တွဲ ဆက်ထိန်း ယူနစ် |
| ၇၃။ | MMS IEC 60969: 2016+COR1:2017 အလင်းရရှိရန် အသုံးပြုသည့် ချုပ်တွဲပါသည့် စွမ်းအင်ချွေတာသုံး မီးသီး/ မီးချောင်းများ - စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၇၄။ | MMS IEC 61008-1:2024 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ် ကိရိယာ (RCCBs) - အပိုင်း(၁) - အထွေထွေစည်းကမ်း သတ်မှတ်ချက်များ |
| ၇၅။ | MMS IEC 61008-2-1:2024 အိမ်သုံးနှင့်အလားတူပစ္စည်းများအတွက် လျှပ်စီးလွန် ထိန်းမပါဝင်သော ကြွင်းကျန်လျှပ်စီးယို အကာအကွယ်ပြု ပတ်လမ်းဖြတ်ကိရိယာ (အာစီစီဘီ) - အပိုင်း (၂-၁) အမျိုးအစား ခွဲခြားခြင်း ၄.၁.၁ အရ အာစီစီဘီ |
| ၇၆။ | MMS IEC 61009-1:2024 အိမ်သုံးနှင့်အလားတူသုံး ပစ္စည်းများအတွက် လျှပ်စီးလွန်ခြင်း အပါအဝင် ကြွင်းကျန်လျှပ်စီးယို အကာအကွယ်ပြု ပတ်လမ်းဖြတ် ကိရိယာ (အာစီဘီအို) - အပိုင်း(၁) - အထွေထွေစည်းကမ်းသတ်မှတ်ချက်များ |
| ၇၇။ | MMS IEC 61009-2-1:2024 အိမ်သုံးနှင့်အလားတူသုံး ပစ္စည်းများအတွက် လျှပ်စီးလွန်ခြင်း အပါအဝင် ကြွင်းကျန်လျှပ်စီးယိုအကာအကွယ်ပြု ပတ်လမ်းဖြတ် ကိရိယာ (အာစီဘီအို) - အပိုင်း(၂-၁) အမျိုးအစားခွဲခြားခြင်း ၄.၁.၁ အရ အာစီဘီအို |
| ၇၈။ | MMS IEC 61009-2-2:2024 အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုပါသော ကြွင်းကျန်လျှပ်စီး ဖြတ်တောက်ပေးသည့် ပတ်လမ်းဖြတ် ကိရိယာ (အာစီဘီအို) - အပိုင်း(၂-၂) အမျိုးအစား ခွဲခြားခြင်း ၄.၁.၂၊ ၄.၁.၃၊ ၄.၁.၄၊ ၄.၁.၅ နှင့် ၄.၁.၆ အရ အာစီဘီအို |
| ၇၉။ | MMS IEC 61049:1991/COR1:1992 မီးချောင်းနှင့် အခြားဓာတ်ငွေ့သွင်း မီးလုံးတို့၏ ပတ်လမ်းတွင်အသုံးပြုသည့်လျှပ်သိုများ - စွမ်းဆောင်ရည်လိုအပ်ချက်များ |
| ၈၀။ | MMS IEC 61347-1:2024 လျှပ်စစ်အလင်းရောင် အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၁) - အထွေထွလိုအပ်ချက်များ |
| ၈၁။ | MMS IEC 61347-2-2:2024 လျှပ်စစ်အလင်းရောင်အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ-အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂-၂)- မီးဇာမျှင်ပါ မီးလုံးအတွက် အီလက်ထရောနစ် ဗို့အားနိမ့်ပြောင်း ကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၂။ | MMS IEC 61347-2-3:2024 လျှပ်စစ်အလင်းရောင် အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ-အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂-၃)- မီးချောင်းများ၏ အေစီ (သို့မဟုတ်) ဒီစီဓာတ်အားသုံး အီလက်ထရောနစ် အလင်းထိန်းကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၃။ | MMS IEC 61347-2-8: 2024 မီးလုံးများ၏ အလင်းထိန်းကိရိယာ - အန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၈)- မီးချောင်းချုပ်များဆိုင်ရာ သီးခြားလိုအပ်ချက်များ - မီးချောင်းချုပ်(ကိုး(လ်)ပြားပါချုပ်) |
| ၈၄။ | MMS IEC 61439-3:2024 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများ တပ်ဆင်ခြင်း- အပိုင်း(၃)- သာမန်ပုဂ္ဂိုလ်များ လုပ်ကိုင်ရန်ရည်ရွယ်သော ဖြန့်ဖြူးရေးဘုတ်ပြားခုံ |
| ၈၅။ | MMS IEC 61439-4:2023 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများ တပ်ဆင်ခြင်း-အပိုင်း(၄)-ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံးပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်ခြင်းအတွက် သီးခြားလိုအပ်ချက်များ |
| ၈၆။ | MMS IEC 61439-5:2023 ဗို့အားနိမ့်ဆွစ်ဂီယာနှင့်ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများတပ်ဆင်ခြင်း - အပိုင်း (၅)- လူထုကွန်ရက်၌ ပါဝါဖြန့်ဖြူးခြင်းအတွက် ပစ္စည်းကိရိယာအစိတ်အပိုင်းများတပ်ဆင်ခြင်း |
| ၈၇။ | MMS IEC 61439-7:2022 ဗို့အားနိမ့်ဆွစ်ဂီယာနှင့်ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများတပ်ဆင်ခြင်း - အပိုင်း(၇)-သတ်မှတ်ထားသော အသုံးပြုခြင်းများအတွက် ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်ခြင်း (လှေဆိပ်၊ စခန်းချ နေရာများ၊ ဈေးများ၊ လျှပ်စစ်ကားများ အားသွင်းသည့်နေရာများ) |
| ၈၈။ | MMS IEC 61558-2-5:2024 ထရန်စဖော်မာများ လျှပ်ညှိ့ကွိုင်များ ဓာတ်အားဆက်သွယ်ယူနစ်များနှင့် ယင်းတို့၏ တွဲဖက်ပါရှိမှုများ-အန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၅)- မုတ်ဆိတ်ရိတ်စက်အတွက် ထရန်စဖော်မာများ၊ ဓာတ်အား ဆက်သွယ်ယူနစ်နှင့် ဆက်သွယ်အသုံးပြုမည့် ပလပ်ပေါက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၉။ | MMS IEC 61558-2-6:2021 ဗို့အား ၁၁၀၀ အထိ အသုံးပြုသည့် ထရန်စဖော်မာများ လျှပ်ညှိ့ကွိုင်များ၊ ဓာတ်အားဆက်သွယ်ယူနစ်များ၏ အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂-၆)- အကာအကွယ်ပြုပိုင်းခြား ထရန်စဖော်မာများနှင့် ဆက်စပ်ဓာတ်အား ဆက်သွယ်ယူနစ်များဆိုင်ရာ အထွေထွေအသုံးပြုခြင်းများအတွက် သီးခြားလိုအပ်ချက်နှင့် စမ်းသပ်ခြင်းများ |
| ၉၀။ | MMS IEC 61851-23:2023 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် - အပိုင်း (၂၃)- ဒီစီ လျှပ်စစ်ယာဉ် ဓာတ်အားပေးပို့ ကိရိယာ |
| ၉၁။ | MMS IEC 61851-24:2023 လျှပ်စစ်ယာဉ် လျှပ်ကူးအားသွင်းစနစ် - အပိုင်း (၂၄) - ဒီစီ အားသွင်းခြင်းအား ထိန်းချုပ်ရန်အတွက် လျှပ်စစ်သုံးယာဉ်နှင့် ဒီစီ လျှပ်စစ်သုံးယာဉ် ဓာတ်အားပေးပို့ကိရိယာတို့အကြားရှိ ဒီဂျစ်တယ်ဆက်သွယ်ရေးလိုင်း |
| ၉၂။ | MMS IEC 62040-1:2017+AMD1:2021+AMD2:2022 အမြဲမပြတ်ဓာတ်အားပေးနိုင်သောစနစ် (ယူပီအက်စ်) - အပိုင်း (၁) - အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များ |
| ၉၃။ | MMS IEC 62087-3:2023 အော်ဒီယို၊ ဗီဒီယိုနှင့် ဆက်စပ်ပစ္စည်းကိရိယာများ - ပါဝါအသုံးပြုမှုအတွက် စိစစ်ခြင်း - အပိုင်း (၃) - ရုပ်မြင်သံကြားစက်အစုံ |

*(ဆက်လက်ဖော်ပြပါမည်)*

# "ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

## စိုက်ပျိုးထွက်ရှိလာသည့် ပြောင်းကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် MSMEs ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည်

နေပြည်တော် ဇူလိုင် ၂၅

**အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားသည့် ပြောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းသီးနှံအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အထောက်အကူဖြစ်စေရေးနှင့် ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အစိုးရ-ပုဂ္ဂလိက (Public Private Partnership – PPP) ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ "ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။**

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီမှုရှိသည့် ပြောင်းသီးနှံမျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ စိုက်ပျိုးထွက်ရှိလာသည့် ပြောင်းကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ပြောင်းတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်မည့်အပြင် ပြည်တွင်းရှိ ဆေးဝါးနှင့် စားသောက်ကုန်များ ထုတ်လုပ်ရာ၌ လိုအပ်သောကုန်ကြမ်းများ တင်သွင်းရမှုကိုလည်း အစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တန်ဖိုး နှစ်ဆတိုးမြှင့်ရေးမူဝါဒအကောင်အထည်ဖော်မှုကိုလည်း အထောက်အကူပြုလျက် နိုင်ငံ့စီးပွားပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် လက်တွေ့ဆောင်ရွက်နိုင်မည့် အချက်များကို ဖော်ထုတ်နိုင်ရေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များအားလုံးက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ ပညာရှင် ခုနစ်ဦးက ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးအရင်းအနှီးထောက်ပံ့မှု၊ မွေးမြူရေးအစားအစာထုတ်လုပ်နိုင်မှု၊ ပြည်ပတင်ပို့မှု၊ ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သုတေသနပြုစာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ အကြိမ်(၂၀)မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲကျင်းပ

## အာရှပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များ အန်ကောဝပ်ဘုရားကျောင်းရှေ့၌ 20th AMS အထိမ်းအမှတ် သစ်ပင်များစိုက်ပျိုး

**ဆီယမ်ရိ ဇူလိုင် ၂၅**

ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့ Sokha Siem Reap Resort & Convention Center ၌ အကြိမ်(၂၀)မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့ ဆက်လက်တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် CEO Session ကို ကျင်းပပြီး သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် Angkor Declaration 2.0 ကို ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ AIBD အမှုဆောင်အရာရှိချုပ်က တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ညနေပိုင်းတွင် 20th AMS ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra နှင့် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam တို့က (၂၁)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပမည့် မော်လဒိုက်နိုင်ငံမှ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ Ms. Heena Waleed အား လွှဲပြောင်းပေးသည့် အသိအမှတ်ပြုလွှာပေးအပ်သည်။

ထို့နောက် မော်လဒိုက်နိုင်ငံမှ ဒုတိယဝန်ကြီး Ms. Aminath



Namza က 21st AMS ကို လက်ခံကျင်းပခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam က ကျေးဇူးတင်စကားပြောကြားကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးထံ အသိအမှတ်ပြုလွှာပေးအပ်ပြီး ပြန်ကြားရေးဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

ဇူလိုင် ၂၄ ရက်တွင် 20th AMS သို့ တက်ရောက်လာသည့် အာရှပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အတူ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများဖြစ်သည့် အန်ကောဝပ်၊ တာ့ဖရွန်နှင့် ဘေယွန် ဘုရားကျောင်းတို့သို့ သွားရောက်လေ့လာကြပြီး အန်ကောဝပ်ဘုရားကျောင်းရှေ့၌ 20th AMS အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့က အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးခဲ့သည်။ (ဓာတ်ပုံ)

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် Sokha Siem Reap Resort Hotel ၌ Asia-Pacific Institute for Broadcasting Development (AIBD) မှ အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam နှင့် တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံလွှင့် နည်းပညာဆိုင်ရာသင်တန်းများပေးနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



# ညောင်ဦးမြို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမှိုက်ပုံးနှင့် ပလတ်စတစ်အစားထိုးအိတ်များ ဖြန့်ဝေ

**ညောင်ဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပလတ်စတစ်အစားထိုးအိတ် ၂၀ ပေးအပ်ခြင်းနှင့် အမှိုက်ပုံး လေးပုံး ပေးအပ်ခြင်းကို အစီအစဉ် (၄) ရပ်ဖြင့် ယနေ့ ညနေ ၃ နာရီကပြုလုပ်ရာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက အမှာစကားပြောကြားသည်။

**အသိပညာပေးဆွေးနွေး**

ဆက်လက်၍ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူးက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုထံသို့ အမှိုက်ပုံးလေးပုံး ပေးအပ်ခြင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ခိုင်ထံသို့ ပလတ်စတစ်အစားထိုးအိတ် ၂၀ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၅၀ အား ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်း အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# ဝန်ကြီးဌာန၊ ဝန်ထမ်းအိမ်ရာများသို့ ပြေးဆွဲမည့် မြို့တွင်းတော်ဝင် အမှတ်(၅) ယာဉ်လိုင်းဖွင့်လှစ်
## တစ်နေ့လျှင် နံနက် ၈ နာရီ တစ်ကြိမ်၊ မွန်းတည့် ၁၂ နာရီ တစ်ကြိမ်(အသွား/အပြန်) ပြေးဆွဲပေးသွားမည်



**နေပြည်တော် ဇူလိုင် ၂၅**
ဝန်ကြီးဌာန၊ ဝန်ထမ်းအိမ်ရာများသို့ ပြေးဆွဲမည့် မြို့တွင်းတော်ဝင် အမှတ်(၅) ယာဉ်လိုင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီရုံး၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တော်ဝင်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အများပြည်သူ သယ်ယူပို့ဆောင်ရေး Public Transportation ပြေးဆွဲနိုင်ရေးအတွက် ဇမ္ဗူသီရိမြို့၊ လယ်ဝေးမြို့နှင့် သိုက်ချောင်းလမ်းဆုံများမှ နေပြည်တော်မြို့တွင်း၊ မာရဝိဇယဘုရားနှင့် တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ သွားလာရလွယ်ကူစေရန်အတွက် တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ City Bus များနှင့် လမ်းကြောင်း (၄) ကြောင်း ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများမှ နေထိုင်သူများ၊ ယာယီနေထိုင်လျက်ရှိသည့် Container House ထားရှိရာနေရာများမှာ မြို့မဈေး၊ သပြေကုန်းဈေးနှင့် နေပြည်တော်မြို့တွင်းသို့ သွားလာရအဆင်ပြေစေရေးအတွက် လမ်းကြောင်းသစ်တစ်ခုကို တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ပါကြောင်း ပြောကြားပြီး တော်ဝင်ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ယာဉ်လိုင်းပြေးဆွဲဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အသစ်ပြေးဆွဲမည့် တော်ဝင်မော်တော်ယာဉ်လိုင်းတွင် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူများအား လိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အမှတ်(၅) တော်ဝင်ယာဉ်လိုင်းသည် ဘောဂသီရိကားကွင်း – နှင်းဆီပန်းအဝိုင်း – ပန်းခင်းလမ်းဆုံ – တိုင်းစစ်ဌာနချုပ်လမ်းဆုံ – ရွှာတော်မင်္ဂလာလမ်းဆုံ – Ocean Center – Mount Pleasant အဝိုင်း – အလုပ်သမားရုံး – သစ်တောရုံး – ရုံးအမှတ်(၃၂) – ရုံးအမှတ်(၁၄) – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး – စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနရုံး – မြို့တော်ဂေါက်ကွင်း – နန်ချွန် – ဝဏ္ဏသိဒ္ဓိရပ်ကွက် – သုခတော်ဝင်အိမ်ရာ – မြို့မဈေး လမ်းကြောင်းအတိုင်း တစ်နေ့လျှင် နံနက် ၈ နာရီ တစ်ကြိမ်၊ မွန်းတည့် ၁၂ နာရီတစ်ကြိမ် မော်တော်ယာဉ်နှစ်စီးဖြင့် (အသွား/အပြန်) ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



### ပခုက္ကူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်များထုတ်ပေး

**ပခုက္ကူ ဇူလိုင် ၂၅**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Unique Identity (UID) နံပါတ်များ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ပေးရာတွင် အဆင်ပြေစေရန် Biometric (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသူများအား Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ လိုအပ်သည့် ကိုယ်ရေးအချက်အလက်ထည့်သွင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ရက်မှ ၂၃ရက်အထိ အမျိုးသား ၁၃၉ ဦး၊ အမျိုးသမီး ၂၁၇ ဦး စုစုပေါင်းနိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၄၄၈ ဦးတို့အား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသူများကိုလည်း ဆက်လက်ဆောင်ရွက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

### မကွေးမြို့နယ်၌ ပင်စင်စားများအား Biometric အချက်အလက်နှင့် UID နံပါတ်ထုတ်ပေးခြင်းဆောင်ရွက်

**မကွေး ဇူလိုင် ၂၅**
နိုင်ငံ့ဝန်ထမ်း ပင်စင်စား (အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ(Biometric)ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းတွင် မကွေးမြို့မြန်မာ့စီးပွားရေးဘဏ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်မင်းနှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဦးတို့ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း ပင်စင်စား(အငြိမ်းစား) ၇၀၀၀ ခန့်အား ဇီဝဆိုင်ရာအချက်အလက်များ(Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်များ ထုတ်ပေးခြင်းကို ဆက်လက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**မောင်ခိုင်မင်း (ပြန်/ဆက်)**

### ရွှေကလောအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း(လီမိတက်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကလော ဇူလိုင် ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့လယ်ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ရွှေကလောအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း (လီမိတက်) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ကျင်းပသည်။

ဦးစွာ ရွှေကလောအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း(လီမိတက်) သဘာပတိ ဦးမြဆောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းတို့က အသင်း၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ ဖတ်ကြားပြီး စာရင်းစစ် ဦးမျိုးသိန်းက အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းကို ဖတ်ကြား ရှင်းလင်းတင်ပြခဲ့သည်။



ဆက်လက်၍ သဘာပတိက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းတို့အပေါ် အသင်းသားများ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**



### တာချီလိတ်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ

**တာချီလိတ် ဇူလိုင် ၂၅**
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ခရိုင်လဝကဦးစီးမှူး ဦးမင်းနိုင်ဦးက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တာချီလိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၁၀၀၀ ကျော်ရှိပြီး လစဉ်ပုံမှန်ပင်စင်ထုတ်ယူသူ ၅၀၀ ကျော်ရှိကာ Biometric Data ကောက်ယူ၍ UID ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်ပေးရာ ယနေ့ထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၄၆၄ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသူများအား ဇူလိုင် ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်ရှိ သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများ ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် တိုက်ကြီးမြို့နယ်ရှိ သမဝါယမ အသင်းသား တောင်သူများသို့ သွင်းအားစုရိတ်သိမ်း ခြွေလှေ့စက်ပေးအပ်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ၊ ဆိုလာနှစ်ချပ်တွဲ ခြောက်လက်မ ရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့် လျော်ဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သမဝါယမ စနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသူများ စုပေါင်းဖွဲ့စည်းထားသည့် အသင်းအဖွဲ့ စနစ်တစ်ခုဖြစ်သည်ကို တွေ့ရပါကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းအတိုင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေအရည်အသွေး ကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုက်ကြီးမြို့နယ်ရှိ တောင်သူများအား သွင်းအားစုရိတ်သိမ်းခြွေလှေ့စက်၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာ၊ ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်၊ ဆိုလာနှစ်ချပ်တွဲ ခြောက်လက်မရေတင်ပန့်များကို ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ပြသထားသည့် စိုက်ပျိုးရေးသုံး သွင်းအားစု များ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများနှင့် ဆိုလာများစသည်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**သထုံ ဇူလိုင် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၂ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း လှမဏ္ဍူခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်ရေးရာ ဟောပြောပွဲကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများ သာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက် ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များဘက်စုံဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။ **ခရိုင်(ပြန်/ဆက်)**



ပုသိမ်မြို့နယ် စုပေါင်းရုံးခန်းမ၌ ဇူလိုင် ၂၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင်/ မြို့နယ်ကျေးလက် လမ်းဦးစီးဌာန၊ခရိုင်/မြို့နယ်ဥပဒေအထောက်အကူပြုအဖွဲ့၊မြို့နယ် စိုက်ပျိုးရေး၊ မြို့နယ်စာတိုက်၊ လူ့အခွင့်အရေးကော်မရှင်၊ ဌာန ခုနစ်ခုမှ ဝန်ထမ်းများနှင့် ပြည်သူများအား အမှိုက်လေးမျိုးခွဲခြား စွန့်ပစ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များက အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာများရှိ လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၅**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း ကျိုးချောင်း၊ ကျုံလတာ ကျေးရွာများရှိ ကွန်ကရစ် ချောင်းကူးတံတား လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဇူလိုင် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မြသင်းဆွေ၊ မြို့နယ်ဦးစီးအရာရှိ ဦးပိုင်မင်းစိုးနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ မော်ကျွန်း-ဘိုးကလေးလမ်းတာမှ ကျိုးချောင်း-ကျုံလတာလမ်း ကွန်ကရစ်




ချောင်းကူးတံတား ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သံကူကွန်ကရစ် တံတားသည် အရှည်ပေ ၁၀၀၊ အကျယ်ပေ ၂၀ ရှိကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## မြောင်းမြမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ



**မြောင်းမြ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ အခွန်ပညာပေးရှင်းလင်း ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က ရတီထူးဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အခွန်အမျိုးအစားနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ၊ တာဝန်ယူကောက်ခံလျက် ရှိသော အခွန်အမျိုးအစားများနှင့် တည်ဆဲအခွန်ဥပဒေအရ လိုက်နာ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး ပေးသည်။

**ဇေယျာ (မြောင်းမြ)**

## ခရမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် အားကစားဝန်ကြီးဌာနတို့ပူးပေါင်း၍ ကိုယ်လုံပညာသင်တန်းဖွင့်

**ခရမ်း ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုယ်လုံပညာသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်က မြို့နယ်အားကစားခန်းမ၌ ပြုလုပ်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြား ရာတွင် အမျိုးသမီးငယ်များအကြမ်းဖက်ခံရခြင်း၊ အနိုင်ကျင့်ခံရ ခြင်းမှကင်းဝေးပြီး မိမိကိုယ်ကို ကာကွယ်ခုခံနိုင်ရန်နှင့် အမျိုးသမီး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ ကိုယ်လုံပညာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသူများအား ဝတ်စုံများပေးအပ်သည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ထက်ထက်က သင်တန်းနည်းပြအား လက်ဆောင်ပစ္စည်း ပေးအပ်ပြီး သင်တန်းသူများအား အချိုရည်များ တိုက်ကျွေးသည်။

အဆိုပါ ကိုယ်လုံပညာသင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်



အထိ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသူ ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် အသုံးပြု၍ မဲပေးခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များအား ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

အဆိုပါထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** ဝိုင်းမော်၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီး၊ မိုးကောင်း၊ နမ္မတီး၊ ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်မှ** လွိုင်ကော်စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ အထက (၂) ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဟားခါးနှင့် တီးတိန်စာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** သက္ကေပြင်ကုန်း၊ အထက(၁)ကျောက်ဖြူ၊ အထက(၂) ကျောက်ဖြူ၊ အထက(မာန်အောင်)နှင့် အထက(ခွဲ) ဈေးတန်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)မှ** ဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ အထက(၁)ပင်လောင်း၊ အထက(၂) ပင်လောင်း၊ နောင်တရား၊ တီဂျစ်၊ ပင်ခွန်၊ တင်းတက်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ** အထက(၁) တန့်ယန်း၊ အထက(၂)တန့်ယန်း၊ မိုင်းရယ်နှင့် မူဆယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းပျင်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီးမှ** ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်း စာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ပခုက္ကူ၊ ဝါဒီ၊ ရေစကြို၊ ပေါက်၊ ဂန့်ဂေါ၊ ကျောနှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** အထက(၁) ကလေး၊ အထက(၃) ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ အရာတော်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ အထက(၁)ဟုမ္မလင်း၊ အထက(၂)ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ **ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)မှ** ကျောက်ကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ ( ၅၉၁၅ ကီလိုဟက်ဇ်)မှ လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ်( ၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်)မှလည်းကောင်း အသီးသီးဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အဆိုပါ မုန်တိုင်းငယ်သည် အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါ ဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မိုင်းယောင်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူပြီး UID ကတ်ထုတ်ပေး

**မိုင်းယောင်း ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူပြီး UID ကတ်ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်သော ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူပြီး UID ကတ်များ ထုတ်ပေးလျက်ရှိရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဗိုလ်မှူးဇော်မင်းဆွေနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**



## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

တက္ကသိုလ်ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ဘက်စုံသုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) တက္ကသိုလ်ကြက်ခြေနီအသင်းခွဲနာယက၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)နှင့် သင်ကြားစီမံဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားရေးဌာနများမှ ဆရာ




ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များက သွေးပုလင်းများ လက်ခံပေးကြသည်။

သွေးလှူဒါန်းပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများ စုစုပေါင်း၂၁၀ တို့က သွေးပုလင်းပေါင်း ၁၂၁ ပုလင်းကို လှူဒါန်းခဲ့ကြသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲကကြီးမှူး၍ ၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ် စုပေါင်းသွေးလှူဒါန်းပွဲကိုပြုလုပ်ခဲ့ရာ စုစုပေါင်း (၁၇)ကြိမ်တွင် သွေးပုလင်းပေါင်း ၁၈၂၀ ကို လှူဒါန်းခဲ့ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သမဝါယမပညာဌာနမှ လက်ထောက်ကထိက ဒေါ်အိအိဖြိုးက ငွေကျပ် ၂၇၅၀၀၀ တန်ဖိုးရှိသော Healthcare (First Aid Kit) တစ်အိတ်ကို တက္ကသိုလ်ကြက်ခြေနီအသင်းခွဲသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

## ဟားမားစ်တို့၏တုံ့ပြန်မှုကြောင့် စေ့စပ်ညှိနှိုင်းနေသည့်အစ္စရေးကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ခေါ်ယူ

**ဂျေရုဆလင် ဇူလိုင် ၂၅**

ဂါဇာကမ်းမြောင်ဒေသ၌အမေရိကန်က အဆိုပြုထားသည့် ရက်ပေါင်း ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးအပေါ် အခြေခံပြီး ကာတာနိုင်ငံ၌ ပြုလုပ်နေသည့် ဟားမားစ်တို့နှင့် သွယ်ဝိုက်သောဆွေးနွေးပွဲမှအစ္စရေးကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်ဟု အစ္စရေးဘက်က ပြောကြားသည်။

အစောပိုင်းက အဆိုပြုချက်အပေါ် ဟားမားစ်တို့၏ တုံ့ပြန်မှုကြောင့် ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ရုံးက ဇူလိုင် ၂၄ ရက်တွင်ပြောကြားသည်။

စီစဉ်ထားသည့် အပစ်အခတ်ရပ်စဲရေးကာလအတွင်း အစ္စရေးတပ်ဖွဲ့များ တပ်ဖြန့်ချထားမည့်နေရာကိုပြောင်းလဲရန် ဟားမားစ်တို့ဘက်မှ တောင်းဆိုခဲ့သည်ဟု အာရပ်မီဒီယာတွင် ဖော်ပြထားသည်။ ကုလသမဂ္ဂ ဦးဆောင်သည့် ကြိုးပမ်းမှုအောက်တွင် ဂါဇာကမ်းမြောင်ဒေသ၌ အကူအညီများ ဖြန့်ဝေရန်လည်း ဟားမားစ်တို့က တောင်းဆိုခဲ့သည်။ အစိုးရက ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း အစ္စရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အစ္စရေးမီဒီယာတွင် ဖော်ပြထားသည်။



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

အရှေ့အလယ်ပိုင်း ဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတိဗ်ဝတ်ကော့ကလည်း ဇူလိုင် ၂၄ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဟားမားစ်၏ နောက်ဆုံးတုံ့ပြန်မှုသည် ဂါဇာတွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် ဟားမားစ်တို့ ဆန္ဒမရှိကြောင်း ရှင်းရှင်းလင်းလင်း ပြသနေသည်ဟု ၎င်းကပြောသည်။ အမေရိကန်က ယခုအခါ ဓားစာခံများပြန်လည် လွတ်မြောက်ရေးနှင့် ဂါဇာဒေသရှိပြည်သူများအတွက် ပိုမိုတည်ငြိမ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရန် အခြားရွေးချယ်စရာများကို စဉ်းစားသွားမည်ဟု ကြေညာချက်တွင် ပါဝင်သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ အပူဒဏ်နှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်

**တိုကျို ဇူလိုင် ၂၅**

ဂျပန်နိုင်ငံ၌ ဇူလိုင် ၂၅ ရက်တွင် အပူချိန်ပြင်းထန်မည်ဟု ခန့်မှန်းထားရာ အပူလျှပ်ခြင်းမှ ကင်းဝေးရန် ပြည်သူများကို အကြံပြုချက်များ ထုတ်ပြန်ထားသည်။

ဟော်ကိုင်းဒိုးခရိုင်နှင့် အရှေ့ပိုင်းခရိုင်များဖြစ်သည့် တိုချီဂီ၊ ဂန်မာ၊ ဆိုင်တမာနှင့်တိုကျို၊ အနောက်ပိုင်းခရိုင်များဖြစ်သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီတို့တွင် အပူဒဏ်အတွက် သတိပေးချက်များ ထုတ်ပြန်ထားသည်။

လက်ရှိအပူချိန်မြင့်မားမှုသည် အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

နေ့အပူချိန်မှာ ဟယ်ဂိုခရိုင် တိုယိုကာမြို့တွင် ၃၉ ဒီဂရီဆဲလ်စီးယပ်နှင့် အိဝါတဲခရိုင် အီချီနိုစီကီမြို့တွင် ၃၈ ဒီဂရီဆဲလ်စီးယပ်၊ ဖူကူရှီးမား၊ ကူမာဂါယာ၊ ကျိုတိုနှင့် မိုင်ဇုရုတို့တွင် ၃၈ ဒီဂရီဆဲလ်စီးယပ်တို့ဖြစ်ကြသည်။ ဟော်ကိုင်းဒိုးရှိ ကီတာမီမြို့တွင် ဇူလိုင် ၂၄ ရက်က အပူချိန် ၃၉ ဒီဂရီဖြင့် စံချိန်တင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အစ္စတန်ဘူလ်မြို့၌ အီရန်နှင့်ဥရောပနိုင်ငံများ နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်

**အစ္စတန်ဘူလ် ဇူလိုင် ၂၅**

အီရန်နိုင်ငံနှင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့အကြား နျူကလီးယားဆွေးနွေးပွဲကို တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက စတင်ပြုလုပ်ခဲ့သည်ဟု တက်စ်နင်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အီရန်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံရေးရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာဂျစ်တာ့ခ် ရာဗန်ချီနှင့် ဥပဒေရေးရာနှင့် နိုင်ငံတကာရေးရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရီဘာဘာဒီတို့က ဦးဆောင်သည်။

အဆိုပါဆွေးနွေးပွဲသည် အီရန်အပေါ် ဥရောပသုံးနိုင်ငံ၏ သဘောထားများကိုပြင်ဆင်ရန်နှင့် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ၎င်းတို့၏ ချဉ်းကပ်မှုများကို စမ်းသပ်ရန် ဥရောပသုံးနိုင်ငံအတွက် အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ် ဘာဂါဟီက အိုင်အာအန်နင်အေသတင်းဌာနသို့ ပြောသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာလမှစတင်၍ အီရန်နှင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့သည် အီရန်၏နျူကလီးယားအစီအစဉ်နှင့် ပိတ်ဆို့ထားမှုများ ဖယ်ရှားပေးရေး ကိစ္စရပ်များအတွက် ဆွေးနွေးပွဲခြောက်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ နောက်ဆုံးအကြိမ်ကို မေလလယ်က အစ္စတန်ဘူလ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားက ၂၀၂၅ ခုနှစ်အတွင်း ကားအစီးရေ ရှစ်သိန်းခန့် ရောင်းချနိုင်ရန်မျှော်မှန်းထား



**ဂျကာတာ ဇူလိုင် ၂၅**

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ မော်တော်ကားရောင်းအား အစီးရေ ရှစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း အင်ဒိုနီးရှား မော်တော်ယာဉ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ယိုဟန်နက်နန်ဂွိုင်က ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှား နိုင်ငံတကာ မော်တော်ယာဉ်အရောင်းပြပွဲတွင် နန်ဂွိုင်က ပြည်တွင်းမော်တော်ယာဉ်ရောင်းအားနှင့်ပတ်သက်၍ အခက်အခဲများ ဆက်လက်ရင်ဆိုင်နေရကြောင်း ဝန်ခံခဲ့သော်လည်း ယခုနှစ်တွင် ယခင်နှစ်ကလောက် ရောင်းအားကျဆင်းမည်မဟုတ်ဘဲ အစီးရေ ရှစ်သိန်းခန့်အထိ ရောင်းချနိုင်မည်ဟု ယုံကြည်ထားကြောင်း ပြောကြားသည်။

အင်ဒိုနီးရှား မော်တော်ယာဉ်လုပ်ငန်းရှင်များအသင်း၏ စာရင်းများအရ စက်ရုံများမှမော်တော်ယာဉ် အရောင်းကိုယ်စားလှယ်များထံသို့ မော်တော်ယာဉ်အသစ်များ ပေးပို့မှုစုစုပေါင်းသည် ယခုနှစ် ပထမနှစ်ဝက်တွင် အစီးရေ ၃၇၄၇၄၀ အထိရှိကြောင်း ၎င်းက ပြောသည်။

ပြည်တွင်းဝယ်လိုအား ကျဆင်းနေသော်လည်း မော်တော်ယာဉ်လုပ်ငန်းသည် ခံနိုင်ရည်ရှိနေဆဲဖြစ်ကြောင်း၊ အဓိကအချက်မှာ ပို့ကုန်တိုးတက်မှု၊ အစိုးရ၏ပံ့ပိုးမှုနှင့် ဈေးကွက်သစ်များရရှိရေး ကြိုးပမ်း ဆောင်ရွက်မှုကြောင့် အင်ဒိုနီးရှားတွင်ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်ရန် မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## အကူအညီဖြတ်တောက်မှုများကြောင့် ဆိုမာလီကလေးငယ်များ ကူးစက်ရောဂါအန္တရာယ် နှစ်ဆကျော်တိုးလာ

**မိုဂါဒစ်ရှူး ဇူလိုင် ၂၅**

အကူအညီ ဖြတ်တောက်မှုများကြောင့် ရာနှင့်ချီသော ကျန်းမာရေးဆေးခန်းများကို ပိတ်လိုက်ရပြီး ဆိုမာလီယာတွင် လွန်ခဲ့သည့် သုံးလအတွင်း အသက်ငါးနှစ်အောက်ကလေးများကို အဆိုးရွားဆုံး ကူးစက်ရောဂါငါးမျိုးပေါင်းစပ်ဖြစ်ပွားမှု အရေအတွက်သည် နှစ်ဆတိုးလာကြောင်း ကမ္ဘာလုံးဆိုင်ရာ ပရဟိတအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။



ဇူလိုင် ၂၄ ရက် ညနေပိုင်းက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးတွင် ဝက်သက်၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ ကာလဝမ်းရောဂါနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှုပေါင်း ၂၂၆၀၀ မှ ၄၆၀၀၀ ကျော်အထိ နှစ်ဆကျော်တိုးလာသည်ဟု ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ (Save the Children) က ပြောသည်။

အထူးသဖြင့် စောင့်ကြည့်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ခြင်းနှင့် ရောဂါဖြစ်ပွားမှု အမြစ်ဖြတ်ကာ ဆိုမာလီယာကလေးငယ်များ အသက်ရှင်ကျန်းမာရေးအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရေး စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အရေးတကြီး တောင်းဆိုပါကြောင်း အဆိုပါအဖွဲ့၏ ဆိုမာလီယာနိုင်ငံဆိုင်ရာ ဒါရိုက်တာမိုဟာမက်ဟတ်ဆန်က ပြောကြားသည်။

ယခုနှစ်အထိ ဆိုမာလီယာတွင် ကာလဝမ်းရောဂါ သံသယရှိသူ ၆၂၆၇ ဦး တွေ့ရှိထားပြီး အသက်ငါးနှစ်အောက် ၆၀ ရာခိုင်နှုန်းရှိကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ထားသည်။ ဆိုမာလီယာသည် ဆာဟာရအောက်ပိုင်းရှိ အာဖရိကတိုက်ခွဲတွင် ကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသေးသည့် ကလေးငယ်အများဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေကာ ရန်ပုံငွေဖြတ်တောက်မှုများသည် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များကို နှောင့်နှေးစေရုံသာမက ဆက်လက်ပေါ်ပေါက်လာသော ကူးစက်ရောဂါများကို ထိရောက်စွာတုံ့ပြန်ရန် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်ကိုလည်း အားနည်းစေသည်ဟု မိုဟာမက်က ပြောကြားသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါး ၁၀၇၆ ကီလိုဂရမ် သိမ်းဆည်းရမိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၅**

ပါကစ္စတန် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ (အေအင်န်အက်ဖ်)သည် နိုင်ငံတစ်ဝန်း လွန်ခဲ့သည့် ငါးရက်အတွင်း မူးယစ်ဆေးဝါး ၁၀၇၆ ကီလိုဂရမ်နှင့် သံသယရှိသူ ၃၃ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အေအင်န်အက်ဖ် က ဇူလိုင် ၂၅ ရက်ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ခရိုင်အသီးသီးတွင် ရှာဖွေရေးလုပ်ငန်းများအတွင်း သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ သန်းခန့်ရှိကြောင်း သိရသည်။

အေအင်န်အက်ဖ်သည် အစ္စလာမ္မာဘတ်နှင့် အနီးနားရှိ ရာဝယ်ပင်ဒီခရိုင်တွင် ကျောင်းသားများကို မူးယစ်ဆေးဝါးများ ရောင်းချခဲ့သည်ဟု ဝန်ခံထားသည့် သံသယရှိသူများ၊ ဆေးခြောက်နှင့် ဘိန်းဖြူ ၂၀ ကီလိုဂရမ်ကျော် ဖမ်းဆီးသိမ်းဆည်းခဲ့ကြောင်း သိရသည်။ အလားတူ တောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့တွင်လည်း ဂိုဒေါင်တစ်လုံးထဲမှ ပိုတက်ဆီယမ်ပါမန်ဂနိတ် ၃၈၄ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဆက်လက်၍ ခိုင်ဘာပါ့ခ်တွန်ခွာပြည်နယ်တွင် ဆေးခြောက် ၉၆ ကီလိုဂရမ်၊ ပက်ရှ်ဝါမြို့၌ ယာဉ်တစ်စီးအတွင်းမှ ဘိန်း ၅၀ ဒသမ ၄ ကီလိုဂရမ်နှင့် အခြားသီးခြားလုပ်ငန်းအတွင်း ဆေးခြောက် ၅၆ ကီလိုဂရမ်တို့ကိုလည်း သိမ်းဆည်းရမိကြောင်း သိရသည်။

**ဆင်ဟွာ**

# သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ စားသုံးသည့်အဆင့်အထိ ကွင်းဆက်တစ်လျှောက်တွင် လေလွင့်ဆုံးရှုံးမှုလျှော့ချရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ်၊ Jinan မြို့၌ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည့် 2025 International Conference on Reducing Food Loss and Waste ညီလာခံသို့ Online ဖြင့် တက်ရောက်သည်။

ညီလာခံကို တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ The National Food and Strategic Reserves Administration နှင့် Shandong ပြည်နယ်အစိုးရတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့စားရေရိက္ခာအစီအစဉ်မှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ Shandong ပြည်နယ် အစိုးရ တာဝန်ရှိသူများ၊ The National Food and Strategic Reserves Administration မှ ဒုတိယ ဥက္ကဋ္ဌ၊ ပညာရှင်များနှင့် အခြားဖိတ်ကြားထားသော သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။






ညီလာခံတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စားရေရိက္ခာ လျော့နည်းဆုံးရှုံးမှု၊ အလေအလွင့်ဖြစ်မှုအား လျှော့ချရန် လူထုအခြေပြုစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ စားသုံးသည့်အဆင့်အထိ ကွင်းဆက်တစ်လျှောက်တွင် လေလွင့်ဆုံးရှုံးမှု လျှော့ချရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ချက် ပြည့်မီရေးအတွက် စားရေရိက္ခာစနစ် စဉ်ဆက်မပြတ် ရရှိစေရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များစွာထွက်ရှိရန် အရင်းအမြစ်များစွာရှိသော်လည်း စားရေရိက္ခာ တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက်တွင် ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက်သာမက လေလွင့်ဆုံးရှုံးမှုများကို လျှော့ချရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အထူးသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ သယ်ယူပို့ဆောင်မှု၊ ကြိတ်ခွဲပြုပြင်မှု၊ စားသုံးမှုအဆင့်များတွင် ဖြစ်ပေါ်နိုင်သည့် လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေး အသိပညာပေးခြင်း၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံအထွက်တိုးရေး၊ အလေအလွင့်နည်းပါးရေးကို တောင်သူပူးပေါင်းပါဝင်သောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကမ္ဘာနှင့်အဝန်း ကြိုးပမ်းမှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းသား ကျောင်းသူများ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်စေရန် အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၅**

Naypyitaw State Academy ၌ ကျောင်းသား ကျောင်းသူများ ဆေးလိပ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်ကို သိရှိနားလည်စေရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာကြစေရန် ဆေးလိပ်ငွေ့ကင်းစင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။




ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် မြို့နယ်အလိုက် ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေများကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဆေးလိပ် လုံးဝမသောက်ရ နယ်မြေအဖြစ် သတ်မှတ်ထားရှိသည့် Naypyitaw State Academy ၌ ဆေးလိပ်ငွေ့ကင်းစင်ရေး အသိပညာပေး လှုပ်ရှားမှုအဖြစ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲ၊ ပြဇာတ်၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကို ကျင်းပလျက်ရှိသည်။ ဆေးလိပ်ငွေ့ကင်းစင်ရေး အသိပညာပေး ဟောပြောပွဲတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု၏ ဆိုးကျိုးအန္တရာယ်များ၊ ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေများတွင် လိုက်နာရမည့် စည်းမျဉ်းဥပဒေများနှင့်၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲဖြိုးက ဟောပြောခဲ့ပြီး ဆေးလိပ်ငွေ့ကင်းစင်ရေး အသိပညာပေး ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများ၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများကို Naypyitaw State Academy ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ Naypyitaw State Academy မှ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ လူငယ်များကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်လျက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာတိုးပွားလာစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်အဖြစ် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ဇာဝေတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဟောပြောကြပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာငွေစိုး (ရွှေကြန့်မြေ) က “လူငယ်နှင့်စာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ သက်ဦးခင်က “ကျောင်းသားနှင့် စာဖတ်ခြင်း” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမေစံပယ်ဖြူနုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းရည်အမေး/အဖြေပြိုင်ပွဲ၊ ခြေလက်ထောက်ပြိုင်ပွဲများကို ပြုလုပ်ပေးရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ကစားခဲ့ကြပြီး ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသ စာအုပ်စာစောင်များကိုလည်း စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**



## ကျိုင်းတုံမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID (Smart Card)များ ကွင်းဆင်းဆောင်ရွက်



**ကျိုင်းတုံ ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID (Smart Card) များ အခမဲ့ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က ကျိုင်းတုံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID(Smart Card) များ ပြုလုပ်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်သူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လယ်ဝေးမြို့နယ် ပညာ့အလင်းစာကြည့်တိုက်နှင့် ပညာပန်းခင်းစာကြည့်တိုက်ဖွင့်ပွဲများကျင်းပ



**လယ်ဝေး ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာပညာ့အလင်းစာကြည့်တိုက်နှင့် ပေါက်မြိုင်ကျေးရွာ ပညာပန်းခင်းစာကြည့်တိုက်များဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကြောင်ရေကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဦးဇော်အောင်၊ ကြောင်ရေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားသည်။ ထို့နောက်နေပြည်တော်ကောင်စီဝင်က စာကြည့်တိုက်ဆိုင်ရာအချက်အလက်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရထံ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံနှင့် အထောက်အကူပြုအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ ပညာပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အလှူငွေ၊ စာအုပ်စာစောင်နှင့် MRTV DTH စလောင်းနှင့် Set Top Box တစ်စုံ၊ ဆိုလာမီးအိမ်နှင့်ဆိုလာမီးလုံးများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ စက်၊ စိုက်၊ မွေးကျောင်းမှ ကျောင်းသားများနေထိုင်ရန် အိပ်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်သည်။

မြို့နယ်(ပြန်/ဆက်)

## ခရိုင်တရားရုံးများသို့ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများလေ့လာ



**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် တရားရုံးနှင့်ကမာရွတ်ခရိုင်တရားရုံးများသို့ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများ ဦးဆောင်သည့် ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့အားကျောက်တံတားခရိုင်တရားရုံး တရားသူကြီး ဒေါ်မီမီထွေးနှင့် ကမာရွတ်ခရိုင် တရားရုံးတရားသူကြီး ဦးဇော်မင်းထွဋ်တို့ ဦးဆောင်သည့် တွဲဖက်ခရိုင် တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခြင်း၊ ကျောက်တံတားခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ဒေါ်သဲမို့မို့ဆွေက ကျောက်တံတားခရိုင် တရားရုံးနှင့် မူပိုင်ခွင့်တရားရုံးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားခြင်း၊ သင်တန်းသား သင်တန်းသူများ၏သိလိုသည်များကို ဖြေကြားပေးခြင်း၊ တရားရုံးအတွင်း လှည့်လည်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဒေါ်တင်ဌေးအိ ဦးဆောင်သည့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဖွင့်လှစ်ထားသည့် (Online) LL.M ၊ LL.B ၊BA(Law)၊ PGDL၊ DIPL သင်တန်းမှ သင်တန်းသား သင်တန်းသူနှင့် ပုံမှန်ကျောင်းသား ကျောင်းသူများ အပါအဝင်စုစုပေါင်း ၂၀၂ ဦး ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C16 အမျိုးအစားလျှပ်စစ်သုံးယာဉ်များ၊ Pan Theingi Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ARCFOX အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပန်းဘဲတန်းမြို့နယ်၌ သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် နှင်းဟေမာန်မျက်မှန်ကုန်ထုတ်သမဝါယမ အသင်းလီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၃ ရက်က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာ ဦးရဲမင်းကိုက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဒေါ်ဖြိုးစန္ဒီတင်က ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုအပေါ် အမြတ်ငွေ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ဖြူဖြူဝင်း(ပြန်/ဆက်)

**တောတောင်ခြောက်ခန်း၊ လယ်ယာနွှမ်း၏**

✻ *ကျောဖုံးမှ*

TG United အသင်းကို ငါးဂိုး–တစ်ဂိုး၊ Winner Generations အသင်းက YRG အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဗိုလ်လုပွဲရောက်ရှိလာသည့် နှစ်သင်းစလုံး ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်ပြီး Winner Generations အသင်းသည် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် YCDC MHDT အသင်းကို ကွာတားဖိုင်နယ်၊ YRG အသင်းကို ဆီမီးဖိုင်နယ်တွင် အနိုင်ရကျော်ဖြတ်လာခြင်းဖြစ်သည်။ **ရဲရင့်လွင်**

◆*ကျောဖုံးမှ*

သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မမ၊ ပင်လယ်အုန်းစသည့် သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင် စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဖင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှော်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဍာဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဘားအံမြို့၌ တိုင်းရင်းသားရေးရာအသိပညာပေးခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်က အထက(ခွဲ) အုန်းတပင် ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက အမှာစကား ပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု သင်ကြားနိုင်ရေး ဆောင်ရွက်နေမှုကိစ္စရပ်များကို လည်းကောင်း၊ သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ အသိပညာပေးခြင်း၊ ရပ်ရွာအအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပြီး ကျောင်းသားကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများကို မေးမြန်းကာ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ရပ်စောက်၌ ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရပ်စောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၃၆ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၄၃၉ ဦးအား ဇူလိုင်လအတွင်း အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့် အာဟာရအခြေအနေစစ်ဆေးပေးခြင်း၊ ပဏာမမျက်စိစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးကုသခြင်းနှင့် KG ကလေးငယ်များအတွက် သွားတိုက်ဆေး၊ သွားတိုက်တံများပေးခြင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ကို သက်ဆိုင်ရာ ကျောင်းကျန်းမာရေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကျောင်းဈေးဆိုင်များ သန့်ရှင်းမှုရှိမရှိ၊ အာဟာရပြည့်ဝသောအစားအသောက်များ ရောင်းချခြင်း ရှိ မရှိ၊ တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း မရှိစေရေးအတွက် ကြပ်မတ်စစ်ဆေးခြင်းစသည့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သန်လျင် အထက(၂)၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မော်က အမှာစကား ပြောကြားသည်။ ထို့နောက် အခမ်းအနား ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က ဆောင်ရွက်ပြီး လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် Grade–10 မှ မောင်မြင့်မြတ်မောင်၊ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် Grade – 10 မှမောင်မင်းခန့်လွင်၊ လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် Grade–10 မှ မောင်မင်းသုမွန်၊ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် Grade–10 မှ မကြယ်စင်လင်းလက်၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့် Grade–10 မှ မရွှေရည်လင်းထက်တို့က အပြန်အလှန်ဆွေးနွေးကြသည်။



ထို့နောက် ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသောင်းတို့က ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

**သန်းဝင်း(သန်လျင်)**



## ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ညောင်တုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးလက်လမ်းလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက Mega Resources ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် စကွေ့–အင်းမ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ UID ထုတ်ပေးမှု နေ့ချင်းပြီးဆောင်ရွက်

**မြို့သစ် ဇူလိုင် ၂၅**

မြို့သစ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကိုယ်ရေးအချက်အလက်ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို မြို့သစ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ One stop service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



## မင်းဘူး(စကု)မြို့နယ်ရှိ ပင်စင်စား နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID ကတ်များ ပြုလုပ်ပေး



**မင်းဘူး ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ပင်စင်စား နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် UID(Unique Identity) ကတ်များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီက မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ သွားရောက် ဆောင်ရွက်ပေးသည်။

မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပျော်ဘွယ်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များဆောင်ရွက်ပေး

**ပျော်ဘွယ် ဇူလိုင် ၂၅**

ပျော်ဘွယ်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် UID ကတ်များဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး နှင့်တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက် က မြန်မာ့စီးပွားရေးဘဏ် (ပျော်ဘွယ်ဘဏ်ခွဲ)၌ ဆောင်ရွက်သည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်ကိုအောင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ UID ကတ်များ နေ့ချင်းပြီး ထုတ်ပေးနိုင်ရန် လိုအပ်သော အချက်များ ဖြည့်သွင်းခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၄ ရက်အထိ TNLA အဖွဲ့ဝင် ၄ ဦး ၊ DPLA အဖွဲ့ဝင် ၄၁ ဦး နှင့် MDY–PDF အဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၆၉ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY–PDF အဖွဲ့မှ အမျိုးသား ၁၄ ဦး နှင့် အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံလာခြင်းများကြောင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကာ မိဘအုပ်ထိန်းသူများထံကို စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိသည်။



အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကြပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကို ခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့ အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြား ဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြား ဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များ ဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်းမရှိခြင်းကြောင့် အသက်ရှင်သန်ရေးအတွက် အခက်အခဲဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များ ကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို လိမ်ညာပြောဆိုပြီးတော့ ခေါ်ခြင်းဖြစ်ပါတယ်။ သင်တန်းရောက်သွားတဲ့အခါကျတော့ ကျွန်တော်သင်တန်းမတက်ချင်ဘူးလို့ သူတို့ကို ပြောတယ်။ သူတို့က သင်တန်းမတက်လို့ မရဘူးလို့ ပြောပါတယ်။ သင်တန်းမတက်ရင် မင်းကို သတ်ပစ်မယ်။ ထောင်ချပစ်မယ်လို့ ပြောတဲ့အခါကျတော့ ကျွန်တော်ကြောက်ပြီးတော့ တက်ခဲ့ရပါတယ်။ သင်တန်းကာလအတောအတွင်းမှာလည်း အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ မပြည့်စုံမှုတွေ အများကြီး ကြုံခဲ့ရတယ်။ ဥပမာ– တစ်ရက်လုံးကို ရှူးရှဲတစ်ထုပ်တည်းနဲ့ စားရတာမျိုးတို့၊ ရေနဲ့ ထမင်းနဲ့ စားရတာမျိုးတို့ အစရှိတဲ့ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့နဲ့အတူတူ သင်တန်းလာတက်တဲ့ ကောင်မလေးတွေ အများကြီးပါတယ်။ အဲဒီမိန်းကလေးတွေကို သူတို့ဆီက အထက်အရာရှိဆိုတဲ့ သူတွေက ထိကပါးရိကပါး စော်ကားတာတို့၊ မထီမဲ့မြင်ပြုတာတို့ အဲဒီလိုတွေ အများကြီး တွေ့တယ်။ တွေ့ရတဲ့အခါမှာလည်း ကျွန်တော်တို့က ပြောချင်ပေမယ့်လည်း ကျွန်တော်တို့က ပြောပိုင်ခွင့်မရှိဘူး။ ကျွန်တော်တို့ရှေ့မှာ ပြောခဲ့တဲ့သူတွေကိုလည်း ဆွဲထုတ်ပြီးရိုက်တာတို့၊ အကျဉ်းချတာတို့၊ သတ်ပစ်တာတို့ကို ကိုယ်တွေ့ကြုံခဲ့ရတယ်။ အဲဒီလိုတွေကြောင့် ကျွန်တော်တို့မှာ ပြောချင်ပေမယ့် မပြောရဲဘူး။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ သင်တန်းသုံးလကို ပြီးအောင်တက်ခဲ့တယ်။ သင်တန်းတက်ပြီး သင်းတန်းဆင်းတဲ့အခါမှာ မတ္တရာဘက်မှာ တာဝန်ထမ်းဆောင်ရတယ်။ အခုမှ သင်တန်းဆင်းခါစရှိသေးတဲ့သူကို ရှေ့တန်းကို တန်းပို့တယ်။ ပို့ပြီးတဲ့နောက်ပိုင်း သူတို့အရာရှိတွေ၊ အမိန့်ပေးတဲ့ သူတွေအားလုံးက အနောက်ကနေပဲ အမိန့်ပေးတယ်။ တပ်မတော်ဘက်ကနေ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါမျိုးကျရင် ကျွန်တော်တို့မှာ အသက်ကို မသေအောင် နေရတယ်။ နောက်ပြန်ဆုတ်ချင်လို့ သူတို့ဆီ အမိန့်တောင်းတယ်။ အဲဒီလိုကျရင် မင်းနောက်ပြန်ဆုတ်ရဲဆုတ်ကြည့် ဆုတ်ရင်သတ်ပစ်မယ်။ ဆုတ်သွားတဲ့ သူတွေကိုလည်း နောက်မှာ ထောင်ချတာတို့ အစဖျောက်ပစ်တာတွေလည်း အများကြီးရှိတယ်။ ဒါက ကျွန်တော်တို့ ကိုယ်တွေ့ဆိုတော့ ဘယ်လိုမှ မပြောရဲဘဲနဲ့ ကိုယ့်အသက်ကို လုံခြုံအောင် မွေးနေရတဲ့ အခိုက်အတန့်တွေ အများကြီးရှိတယ်။ အဲဒီလိုတွေ နေရလို့ ကျွန်တော်တို့ မြန်မာ့တပ်မတော်ဘက်ကို အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချတယ်။ သူတို့ လိုင်းပေါ်မှာ တင်ထားသလို တပ်မတော်သားတွေကိုလည်း အလင်းဝင်ကြပါ။ အလင်းဝင်ရင် ဆုကြေးငွေ ဘယ်လောက်ပေးမယ်ဆိုပြီး ပြောတာတွေက အလိမ်အညာတွေပါ။ အရင်တုန်းက ကျွန်တော်တို့ဆီမှာ တပ်မတော်သား သုံးလေးယောက်လောက် အလင်းလာဝင်တာ မြင်ခဲ့ဖူးတယ်။ ရောက်ရောက်ချင်းပဲ သေနတ်ယူပြီး တစ်ခါတည်းသတ်ပစ်တာ။ သတ်ပစ်ပြီးတဲ့အခါမှာလည်း ကျွန်တော်တို့ကိုလည်း မင်းတို့လည်း တပ်မတော်ဘက်ကို အလင်းဝင်ရင် ဒီလိုပဲ သတ်ပစ်ခံရမှာပဲ ဆိုတဲ့ ဝါဒမှိုင်းတွေက ခေါင်းထဲကိုဝင်ထားတော့ ကျွန်တော်တို့လည်း အလင်းဝင်ဖို့ နှောင့်နှေးခဲ့တယ်။ အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေလည်းရှိတယ်။ အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မေးမြန်းကြည့်တော့ အဆင်ပြေတယ်ဆိုလို့ ကျွန်တော်တို့အဖွဲ့တွေ အရဲစွန့်ပြီးတော့ အလင်းဝင်ခဲ့တယ်။ သူတို့ပြောထားတဲ့အတိုင်း မဟုတ်ဘဲနဲ့ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ မိဘတွေထံကိုလည်း ပြန်အပ်ပေးတယ်။ ပြောချင်တာက တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ အကုန်လုံးကို အလင်းဝင်ဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်ဆိုရင်လည်း မိဘ၊ မိသားစုတွေနဲ့ အေးအေးချမ်းချမ်းနေချင်တဲ့အတွက် အလင်းဝင်လာခြင်းဖြစ်ပါတယ်။ အိမ်ကို ကောင်းကောင်းမွန်မွန် ပြန်ပို့ပေးတယ်။ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ အလင်းဝင်မယ်ဆိုရင်လည်း ကျွန်တော်တို့ကို ဆက်သွယ်နိုင်တယ်။ အကူအညီပေးဖို့လည်း အဆင်သင့်ရှိနေပါတယ်။

**သတင်းစဉ်**



## နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စတင်ဖွင့်လှစ် ကျောင်းအပ်လက်ခံခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူ များကြောင့် အခြေခံပညာ ကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ယနေ့တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။





ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ စတင်သတ်မှတ်ခဲ့ပြီး ယနေ့အထိ ကျောင်းသားကျောင်းသူ ၇၀၅ ဦး လာရောက်အပ်နှံ၍ ပညာသင်ကြားလျက်ရှိသည်။ ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်နှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာ သင်ကြားနိုင်ရေးအတွက် တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံ မိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပြီး တပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထို့ပြင် နောင်ချိုမြို့သို့ပြန်လည် ဝင်ရောက် နေထိုင်လျက်ရှိသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၇ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၄၇၉၉၆)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၂၇၄၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၆၇၅၃၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့အတွင်း၌ တရားမဝင် ဒီရေတောမျောလုံး ၁ ဒသမ ၇၂၄ တန်၊ မီးသွေး ၁၂ ဒသမ ၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင်ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်လှေနှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၁၅၅ တန်၊ သစ်မာ ၀ ဒသမ ၅၆၅ တန်၊ အခြားသစ် ၁ ဒသမ ၀၁၄တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၁၁) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၈၈၀၁၁ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၉၃၉၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၄၄၆၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ တံတားဦးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၁၃၁ ဒသမ ၁၉၄တန်၊ သစ်မာ ၁ ဒသမ ၃၉၆ တန်၊ အခြားသစ် ၂၀ ဒသမ ၆၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၀၂၃၅၅)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၇၅၆၄၁၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၃၉၅၈၂၅)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ အကျဉ်းသူ မဝတ်ရည်အောင် ကွယ်လွန်သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၅**

အင်းစိန်ဗဟိုအကျဉ်းထောင်၌ စစ်တပ်၏ စစ်ကြောရေးအတွင်း နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ နိုင်ငံရေးအကျဉ်းသူ မဝတ်ရည်အောင် ကွယ်လွန်သည်ဟု Khit Thit Media အမည်ခံ Facebook Page ၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား/သူ ဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသူ မဝတ်ရည်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြိမ်းဖက် ၅၂(က) ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ ယင်းအကျဉ်းသူသည် အတက်ရောဂါ၊ လေဖျန်းခြင်း၊ သွေးတိုးရောဂါခံစားနေရသူဖြစ်ကာ အကျဉ်းထောင်ဆေးရုံ၌ ငါးကြိမ်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ (၁၀)ကြိမ် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အတက်ရောဂါဝေဒနာ ထပ်မံခံစားနေရသဖြင့် အကျဉ်းထောင်ဆေးရုံအုပ်က အနီးကပ်ကြပ်မတ်ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိသဖြင့် ယင်းနေ့၌ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသပေးခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် အတက်ရောဂါ၊ ဦးနှောက်ရောင်ရမ်းခြင်း၊ နှလုံးအားနည်းခြင်းရောဂါတို့ဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သဖြင့် အကျဉ်းထောင်အတွင်း ရောက်ရှိချိန်တွင် လုံလောက်သည့် ဆေးဝါးကုသခွင့်မရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းထောင်ဆရာဝန်တို့သည် အိပ်ဆောင်/တိုက်ခန်းများသို့ လှည့်လည်စစ်ဆေးချိန်များတွင်အကျဉ်းသား/သူများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးတို့အား မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်ဆေးရုံအုပ်က အိပ်ဆောင်များ၌ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ သထုံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော NLD အလုပ်အမှုဆောင် ဦးပြည့်စုံအောင် ရုတ်တရက်ကွယ်လွန်သွားပြီးထောင်က နေ့ချင်းအလောင်းကို မီးသင်္ဂြိုဟ်သည်ဟု Khit Thit Media အမည်ခံ Facebook Page မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား ပြည့်စုံအောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြိမ်းဖက် ၅၂(က)ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပြီး အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပတွင် နေထိုင်စဉ်ကတည်းက ဆီးချိုရောဂါခံစားနေရသူဖြစ်ကြောင်း၊ ဆီးချိုရောဂါကြောင့် အကျဉ်းထောင် ဆေးခန်းနှင့် သထုံခရိုင်ဆေးရုံကြီးတို့တွင် ဆေးဝါးကုသမှုများပေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဆီးချိုရောဂါကြောင့် အသက်ရှူမောကျပ်၍ သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိဘဲ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား သေဆုံးမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မိသားစုဝင်များထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ ၎င်း၏ညီမဖြစ်သူတစ်ဦးသာ လာရောက်၍ လမ်းခရီးအခက်အခဲကြောင့် ချက်ချင်းသင်္ဂြိုဟ်ပေးရန် အကူအညီတောင်းခံသည့်အတွက် ချက်ချင်းသင်္ဂြိုဟ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းထောင်တွင် အိပ်ဆောင်အလိုက် အဆောင်မှူးများက နာမကျန်းဖျားနာသူများ ရှိ/မရှိ နေ့စဉ်မေးမြန်းလျက်ရှိပြီး အချိန်မီ အကျဉ်းထောင်ဆေးရုံသို့ တက်ရောက်ကုသပေးခြင်း၊ လိုအပ်ပါက ပြင်ပဆေးရုံကြီးများသို့ တင်ပို့ကုသပေးခြင်း၊ ပြင်ပအထူးကုဆရာဝန်များအား ပင့်ဖိတ်၍ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit Media ၏ ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **သစ္စာ**

# မလှိုင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်များ နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိ



**မလှိုင် ဇူလိုင် ၂၅**

မိတ္ထီလာခရိုင် မလှိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၄ ရက်က နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပင်စင်ထုတ်ယူသည့်နေ့တွင် အငြိမ်းစားဝန်ထမ်းများ၏ Biographic/Biometric ကောက်ယူ၍ UID (Unique Identification) နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

## အမည်ပြောင်း

ဦးကျော်ကျော်ထိုက်၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ လူရည်ချွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 မှ မယုရတီနန်းထိုက်အား ယနေ့မှစ၍ မဟန်သစ်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မဟန်သစ်ဦး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/89064 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/28298, Luojia, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၉/စကတ(နိုင်)၀၅၁၇၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 46W/61599 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မသန(နိုင်)၀၀၈၈၈၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/45633, ZENIZ (ADX-5) CZZ-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးနွယ် ၉/စကန(နိုင်) ၀၆၀၈၃၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/52369, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးနွယ် ၉/စကန(နိုင်)၀၆၀၈၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/20359, New Asia 125 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပို ၉/မလန(နိုင်)၁၄၃၉၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/89303, ZONG SHEN 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၉/မထလ(နိုင်) ၁၁၉၅၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အိမ်အမှတ်(၃/၁၉)နေ ဦးကိုကိုကြီး(ဘ)ဦးသောင်း ၁၃/မဆတ(နိုင်) ၀၀၅၉၄၀မှ ဟိုပန်မြို့၊ ဈေးရပ်ကွက်နေ ဒေါ်ဖြူဖြူ ဝင်း(ဘ)ဦးထွင်ရှုရန် ၁၃/ဟပတ(နိုင်) ၀၀၀၈၉၈အား ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၈ ရက်တွင် RD.No-65 ဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို(၂၄-၇-၂၀၂၅) မှစ၍ ရုပ်သိမ်းသွားပါမည်။ သို့ဖြစ်ပါ၍ ယနေ့(၂၄-၇-၂၀၂၅) ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း လျှောက်ထားအပ်ပါသည်။ ကန့်ကွက်ရက်ပြည့်သွားပါက အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ**
**ဦးကိုကိုကြီး(ဘ)ဦးသောင်း ၁၃/မဆတ(နိုင်) ၀၀၅၉၄၀**
**၃/၁၉၊ ဂေါ်သဇင်လမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သဇင်လမ်း၊ The Gems Garden Condominiums၊ တိုက်နံပါတ် - (G-3)၊ (၁၀) လွှာ၊ အခန်းအမှတ် (၁၀-၀၇)၊ အကျယ်အဝန်း (၁၅၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ရည်မွန်သန့် ၁၃/တကန(နိုင်)၂၁၄၈၅၂မှ တာဝန်ယူ လက်မှတ်ရေးထိုးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းမင်း (ဘ) ဦးလှမိုး (ခ) လီရန်ဖင်း ၉/ခအဇ(နိုင်)၀၂၃၆၇၁ သည် အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၊ (၂၂)ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုခွင့်ရှိသူမည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၆၈၀၁ /၂၁-၁၂-၂၀၂၀)**
**အမှတ်(၇၉၁)၊ ဘုန်းကြီးလမ်း၊လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၁၆၁၂၈၊**
**Email - hwp,associates@gmail.com**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၁၆)၊ ကွင်း/အကွက်အမည်-နောင်အင်အနောက်၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ(၀.၁၁၆)၊ ဂရန်အမှတ်(၁၃၀၃/၁၉၉၂)၊ အောင်ချမ်းသာလမ်းတွင် တည်ရှိသောမြေကွက်အကျယ်အဝန်းမှာ အရှေ့ဘက်(၇၅)ပေ၊ အနောက်ဘက်(၇၅)ပေ၊ မြောက်ဘက်(၆၀)ပေ၊ တောင်ဘက်(၆၀)ပေရှိရာမြေကွက်၏ အရှေ့ဘက်လားသော်-ဗိုလ်မှူးသန်းထွန်း၏ မြေကွက်အမှတ် (၅၇)၊ အနောက်ဘက်လားသော်-လမ်း၊ တောင်ဘက်လားသော်-ဦးမောင်ရှင်၏မြေကွက်အမှတ်(၅၅)၊ မြောက်ဘက်လားသော်-ဦးမောင်ညွန့်၏မြေကွက်အမှတ်(၅၃)ဖြစ်ကြပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးစိုးလင်း ၁၃/တကန(နိုင်)၂၃၅၇၂၃ နှင့် ဒေါ်ဇင်မာမြင့် ၁၃/တကန(နိုင်)၁၉၃၈၃၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအုံးလှိုင် ၉/နထက(နိုင်)၀၈၃၁၇၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုံးလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၈၇၀/၂၀၂၀)**
**အမှတ်(၁၉၉)၊အကွက်ကြီး(၃၂)ရပ်ကွက်(၄)အေးသာယာမြို့၊**
**ဖုန်း-၀၉-၂၅၄၉၆၂၄၄၅၊ ၀၉-၄၀၉၃၁၈၈၁၁**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၀

ဦးဘုန်းလွင်ပိုင် နှင့် လျှောက်သူ
ဒေါ်ဆုဆုအေးမြင့် လျှောက်ထားခံရသူ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ (၅၅)လမ်းနှင့် (၅၆)လမ်း ကြား၊ အမှတ်- ၅၉၊ ၁၁၂-ဒီ (ယခုလိပ်စာမသိ) နေ ဒေါ်ဆုဆုအေးမြင့်သိစေရမည်။

အရွယ်မရောက်သေးသူ မောင်ကောင်းဘုန်းခန့်၏ ကိုယ်အား အုပ်ထိန်းခြင်းအကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၁၁၆၈ နေ ဦးဘုန်းလွင်ပိုင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ကောင်းဘုန်းခန့်၏ ဖခင်ဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ်၊ ၄ ရက်)၊ နံနက် (၁၀း၀၀)နာရီတွင် ဆိုင်ဆိုရန်ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၂)၊ မြေကွက်အမှတ် (၃၅၅/ခ)-၇၄၊ မြေအကျယ်အဝန်းဧရိယာ (၃၇၅၇၅၇) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ၁၃၂-ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ (The Rich Villa) ရှိ အမှတ် (-) ဟုခေါ်တွင်သည့် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးဝင်းဇော်ဦး အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ဝယ်ယူပိုင်ဆိုင်သည့် The King Idea ကုမ္ပဏီထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊မြေညီထပ်၊(၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ မြို့သစ်နေ ဦးအောင်ကျော်မိုး ၁၂/ဥကမ(နိုင်) ၁၈၇၃၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ကျော်မိုးနှင့် ဒေါ်ဝင့်ဝါဦးတို့၏သမီး မသွန်းသံစဉ်သည် ဖခင်ဖြစ်သူ၏ ဆုံးမမှုအား မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကို ဦးအောင်ကျော်မိုးမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းမိုးအိအိဖြူ(တရားလွှတ်တော်ရှေ့နေ)(စဉ်-၉၈၄၅)**
**ဟတ/၈၁၊ ခတ္တာလမ်း၊ နယ်မြေ(၅)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/99110, Honda Scoopy- -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလင်းနိုင် ၉/အမဇ(နိုင်)၀၄၇၁၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၈၉၀၆၄, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုသန်း ၉/ပကခ(နိုင်) ၀၁၁၃၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9492 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/97021 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(တာချီလိတ်)**

## မိဘအမည်မှန်

တာချီလိတ်မြို့၊ ပုန်းထွန်(အထက)ကျောင်း Grade-9မှ မောင်ဝေယံဟိန်း၏ မိဘအမည်မှန်မှာ ဦးဇော်မင်းနိုင် ၁၃/တခလ(နိုင်)၀၉၃၆၄၄နှင့် ဒေါ်ဟီဒါဘီ ၆/ကသန(နိုင်)၁၄၇၆၈၀ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တာချီလိတ်မြို့၊ ပုန်းထွန်(အထက)ကျောင်း Grade-7မှ မောင်ယံဟိန်း၏ မိဘအမည်မှန်မှာ ဦးဇော်မင်းနိုင် ၁၃/တခလ(နိုင်)၀၉၃၆၄၄ နှင့် ဒေါ်ဟီဒါဘီ ၆/ကသန(နိုင်)၁၄၇၆၈၀ ဖြစ်ပါကြောင်း။

## "အမွေဝေစုအား အပြီးအပြတ်ခွဲဝေပေးပြီးကြောင်း အများသိစေရန် ကြေညာချက်"

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်တော်မူလမ်း၊ အမှတ်(၁၃) မြေညီနေ (ဘ) ဦးသိန်းဝင်း(ခ)ဟူစိန်ဘိုင်၏ သားသမီးများဖြစ်ကြသည့် (၁)ဦးရဲခေါင်ဦး(ခ)အူမရ် ၁၂/စခန(နိုင်) ၀၀၂၈၂၈၊ (၂)ဦးမင်းထွဋ်(ခ)အနက်စ် ၁၂/စခန(နိုင်)၀၁၂၃၀၀၊ (၃) ဦးကျော်ထင် (ခ)အီလီရပ်(စ်) ၁၂/စခန(နိုင်) ၀၄၇၁၂၄၊ (၄)ဒေါ်စန္ဒာဝင်း(ခ)ဘီလီကစ်(စ)ဘီ ၁၂/ စခန(နိုင်)၀၅၆၅၈၅၊ (၅)ဦးဇာနည်ထွန်း(ခ)အီနာမွန် ၁၂/စခန(နိုင်) ၀၆၂၈၇၅တို့ ၏ ဥပဒေနှင့်အညီ ညွှန်ကြားလွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်သည်မှာ-

အလ္လာဟ်အရှင်မြတ်အမိန့်တော်ကို ခံယူခဲ့ကြပြီးဖြစ်သော အစ္စလာမ်ဘာသာ(စွန်နီ) ကိုးကွယ်သူ ကျွန်ုပ်၏အမှုသည်များနှင့် ဆဋ္ဌမမြောက်သော သားဖြစ်သူ ဦးထွန်းလင်းစိုး(ခ)ဟာရွန်ရရှစ်တို့၏ ဖခင် ဦးသိန်းဝင်း(ခ)ဟူစိန်ဘိုင်နှင့် မိခင် ဒေါ်ဂျူးမာဘီတို့၏ အမွေပုံပစ္စည်းအဖြစ် အောက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်း နိုင်သောပစ္စည်းများကျန်ရစ်ပါသည်-

- (က) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မပိုလမ်း၊ အမှတ်(၂၇)ကန်ထရိုက်တိုက်၏ ဆဋ္ဌမလွှာ(B) တိုက်ခန်းတစ်ခန်း။
- (ခ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၁၃)၊ အဋ္ဌမလွှာ(ဝဲဘက်)တိုက်ခန်းတစ်ခန်း။
- (ဂ) ဦးသိန်းဝင်း(ခ)ဦးဟူစိန်နိုင်နှင့် ဦးအမ်ဟာစန်တို့ဂရန်အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉ စီ၊ မြေကွက် အမှတ်(၄၂)၊ မြေအကျယ်(၀ဒသမ၀၂၈)ကေရှိ မြေပေါ်တွင်ဆောက်လုပ်ထား သော အမှတ်(၁၃)၊ အောင်တော်မူလမ်းတွင်သည့် ကန်ထရိုက်တိုက်၏အမှတ်(၁၃)၊ မြေညီ(A) တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်များနှင့် ဆိုင်ခန်းရှိ မော်တော်ကားတာယာ၊ အလှိုင်းမျိုးစုံနှင့် ပစ္စည်းမျိုးစုံ။
- (ဃ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်တော်မူလမ်း၊ အမှတ်(၁၃)၊ အဋ္ဌမလွှာ(A) တိုက်ခန်းတစ်ခန်း။
- (င) ဖခင်ဖြစ်သူ သက်ရှိထင်ရှားရှိစဉ်က သားဖြစ်သူ ဦးကျော်ထင်(ခ)ဘီလီရပ်စ် ထံ အပ်နှံထားသော ငွေ ၁၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတိတိ)။
- (စ) မိခင်နှင့်ဖခင်တို့က အိမ်တွင် သိမ်းဆည်းကျန်ရစ်သောငွေ ၇၀၀၀၀၀၀/-(ကျပ် ခုနစ်သိန်းတိတိ)
- (ဆ) မိဘနှစ်ပါးတို့မကွယ်လွန်မီက ပိုင်ဆိုင်ခဲ့ကြသော ရွှေထည်ပစ္စည်းပေါင်းစုံ စုစုပေါင်းတစ်ဆယ်သားတိတိ။
- (ဇ) TOYOTA RAV.4 အမျိုးအစား 2001 Model (ငွေရောင်) မော်တော်ယာဉ်တစ်စီး။
- (ဈ) SUZUKI (R-)အမျိုးအစား 2014 Model(အပြာရောင်) မော်တော်ယာဉ်တစ်စီး။

အထက်ပါအမွေပုံပစ္စည်းများအပေါ် အဋ္ဌမမြောက်သားဖြစ်သူ ဦးထွန်းလင်းစိုး(ခ)ဟာရွန်ရရှစ်က ၎င်းရထိုက်ခွင့်ရှိသော အမွေဝေစုကို ညှိနှိုင်းသတ်မှတ်ခွဲဝေပေးရန် ဆန္ဒပြုတောင်းဆိုမှုအရ ညီအစ်ကိုမောင်နှမများအားလုံးက မိဘနှစ်ပါးကျန်ရစ်သော အထက်ပါအမွေပစ္စည်းများ၏တန်ဖိုးကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပြီး အများဆန္ဒနှင့်အညီ အမွေဆိုင်တစ်ဦးချင်းစီ၏ အမွေဝေစုတန်ဖိုးတစ်ခုချင်းအား ငွေ ၁၃၁၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်သုံးရာတစ်ဆယ်တိတိ)သတ်မှတ်ခဲ့ကြကာ ဦးထွန်းလင်းစိုး(ခ)ဟာရွန်ရရှစ်အား အစ္စလာမ်တရား ဥပဒေ(ဟနဖီဥပဒေ)အရ ၎င်းရထိုက်သည့် အမွေဝေစုငွေ ၁၃၁၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်သုံးရာ့တစ်ဆယ်တိတိ)ကို တတိယမြောက်အမွေဆိုင်သားဖြစ်သူ ဦးကျော်ထင် (ခ) အီလီရပ်စ်က အလုံးစုံစိုက်ထုတ်၍ တရားလွှတ်တော်ရှေ့နေ ကြီးဖြစ်သူ ဓနုဖြူ-ဦးမြင့်အောင်၏ရှေ့မှောက်၌ (၈-၆-၂၀၂၄)ရက်စွဲပါ မိသားစု စီမံမှုစာချုပ် (DEED OF FAMILY ARRANGEMENT)ဖြင့် အပြီးအပြတ် ခွဲဝေရှင်းလင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အမွေပစ္စည်းများဖြစ်ကြသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအရပ်ရပ်တို့သည် ဦးထွန်းလင်းစိုး(ခ)ဟာရွန် ရရှစ်နှင့် နောက်နောင်လုံးဝပတ်သက်မှု၊ အကျိုးခံစားခွင့်တစ်စုံတစ်ရာ မရှိဘဲ "ဟနဖီ" တရားဥပဒေနှင့်အညီ ကျွန်ုပ်၏အမှုသည် (၅)ဦးတို့ကသာ အကျိုးခံစားခွင့်ရှိသည့်အမွေပုံပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**[အမှုသည်များ၏ ညွှန်ကြားချက်အရ-]**
**ဓနုဖြူ-ဦးမြင့်အောင် B.A(Law),LL.B,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၂၇/၁၉၈၂)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ MAC Tower,**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ အချိန်ပိုင်း သင်တန်း (၂)ခုကို Online ဖြင့် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်–

၁။ သင်တန်းအမည် – (၁) Certificate in Mass Communication (CMC) လူထုဆက်ဆံရေးပညာ လက်မှတ်ရ သင်တန်း
(၂) Certificate in Economics and Finance (CEF) စီးပွားရေးနှင့် ဘဏ္ဍာရေး လက်မှတ်ရသင်တန်း

၂။ သင်တန်းဝင်ခွင့်အတွက် အနိမ့်ဆုံးပညာအရည်အချင်း – သင်တန်း(၂)ခုအတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဖြစ်ရမည်။

၃။ သင်တန်းကာလ၊ သင်တန်းကြေး – (၃)လ၊ ၉၀၀၀၀ိ/– ကျပ်

၄။ သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ရက် – ၃၀ – ၈ – ၂၀၂၅ ရက် (စနေနေ့)

၅။ သင်တန်းဖွင့်လှစ်မည့်အချိန် – CEF သင်တန်း (Sat, Sun – 9:00 AM to 4:00 PM Online)
CMC သင်တန်း (Sat, Sun – 9:00 AM to 4:00 PM Hybrid)

၆။ လျှောက်လွှာလက်ခံမည့်အစီအစဉ် – သင်တန်းလျှောက်ထားလိုသူများသည် သင်တန်းရေးရာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ကုန်သည်လမ်း၊ (၆)ထပ်ပင်မဆောင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၂၈–၇–၂၀၂၅) ရက်မှ (၂၉–၈–၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

၇။ လျှောက်လွှာနှင့်အတူ – (က) လိုင်စင်ဓါတ်ပုံ(၃)ပုံ၊ (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း ထောက်ခံစာ၊(ဂ)နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၈။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၁) ၀၁၈–၂၉၂၅၆၆ နှင့် ဖုန်းနံပါတ်(၂) ၀၉–၄၄၂၅၈၈၄၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/1666, TOYOTA MAJESTY GDH 303L,MINI BUS (4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၃/လရန(နိုင်)၀၉၉၃၃၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ (SYS) ကိုယ်ပိုင်အထက်တန်းကျောင်း Grade–12(B)မှ မလင်းလက်အောင်၏ဖခင် ဦးဗိုလ်လင်းနှင့် ဦးဘိုလင်း ၉/ပမန(နိုင်)၂၁၄၁၆၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဗိုလ်လင်း(ခ)ဦးဘိုလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်သာယာ (အရှေ့)မြို့နယ်၊ ထခွဲလ (၁)ကျောင်းမှ ဒု/လယ်ပြ(ဘ)ဦးစိုး၏သမီး (၁၂/ကမန(နိုင်) ၀၀၉၉၀၀) ဒေါ်ယဉ်ယဉ်စိုး(ခ) ရင်ရင်စိုးသည် အမည်ကွဲလွဲသော်လည်း တစ်ဦးတည်းဖြစ်ကြောင်း။

## အများသိစေရန် ကြော်ငြာခြင်း

